# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၈၄)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် ၊ ၁၇-၉-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

## ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုး

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အနီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၆

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေးနေ့စဉ်

# ရေငတ်ဒဏ်ခံစပါးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် စိုက်ပျိုးနိုင်သည့် ရေအနည်းလို ရေငတ်ဒဏ်ခံစပါးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးပေးရန် လိုအပ်မည်ဖြစ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက စမ်းသပ်စိုက်ပျိုးထားသော ယာစပါးမျိုး(၄)မျိုးကို တက်ရောက်လာသော တောင်သူများကိုယ်တိုင် ရွေးချယ်သွားကြရန်ဖြစ်ကြောင်း၊ တောင်သူအကြိုက်ဆုံးမျိုးကို လာမည့်စိုက်ပျိုးရာသီအချိန်မီဖြန့်ဝေရန် ဌာနပိုင်ခြံများတွင် မျိုးပွားထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ယာစပါးစိုက်ဖူးသူ တောင်သူများအနေဖြင့် မိမိတို့၏ အတွေ့အကြုံများနှင့် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးသွားကြရန် ဖိတ်ခေါ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာန စိုက်ကွင်း၌ကျင်းပသည့် တောင်သူများ ပူးပေါင်းပါဝင်သော ရေငတ်ခံစပါးမျိုးများ ရွေးချယ်ရေးအခမ်းအနား၌ ပြောကြားခဲ့သည်။

မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် ဆန်စပါး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ချက်သည် ဒေသဝမ်းစာ ဖူလုံရေးအတွက်သာမက ဖောက်ပြန်ပြောင်းလဲလျက်ရှိသည့် ရာသီဥတုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူချိန် မြင့်တက်ခြင်းအပါအဝင် သဘာဝဘေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်ကျော်လွှားနိုင်ရေးကိုလည်း ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်၍ စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဂေဟစနစ်တည်ငြိမ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရေငတ်ခံစပါးမျိုးများကို မိတ်ဆက်ရှင်းလင်းပြီး ယာစပါးစိုက်ပျိုးရာတွင် ဆောင်ရွက်ရမည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။ ရေနံချောင်း၊ ချောက်၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် နေပြည်တော်ကောင်စီနယ်မြေမှ တက်ရောက်လာကြသူ တောင်သူ ၉၀ ဦးတို့က စိုက်ပျိုး ရေးသုတေသန ဦးစီးဌာန စပါးသီးနှံသုတေသန ဗဟိုဌာနစိုက်ကွင်း၌ မျိုးယှဉ်ပြိုင်စိုက်ပျိုးထားသည့် ရေငတ်ခံစပါးမျိုး(၄)မျိုးကို ကွင်းဆင်းလေ့လာကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် သုတေသီပညာရှင်များက စပါးမျိုးတစ်မျိုးချင်း၏ မျိုးဗီဇလက္ခဏာများ၊ သဘာဝမိုးရေတစ်မျိုးတည်းဖြင့်သာ စိုက်ပျိုးထားရှိမှုနှင့် လက်ရှိစိုက်ပျိုးမြေ၏ အစိုဓာတ်အခြေအနေများကို အသေးစိတ် ရှင်းလင်းပြသကြသည်။ လေ့လာရေးတောင်သူများသည် စပါးမျိုးတစ်မျိုးချင်းမှ ထွက်ရှိသော ဆန်အားချက်ထားသည့် ထမင်းများကို လက်တွေ့မြည်းစမ်းကြပြီး နှစ်သက်ရာစပါးမျိုးကို မဲပေးရွေးချယ်ခဲ့ကြသည်။

ရေငတ်ခံစပါးစိုက်ပျိုးခြင်းသည် ရေလိုအပ်ချက်နည်းပြီး မိုးခေါင်ဒဏ်၊ အပူဒဏ်ခံနိုင်ရည်ရှိသဖြင့် မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် စိုက်ပျိုးနိုင်ခြင်း၊ သက်တမ်းတိုခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ပြီး မီသိန်းဓာတ်ငွေ့ ထုတ်လုပ်မှုနည်းပါးမှုကြောင့် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်မှုကို နည်းပါးစေခြင်း စသည့်အားသာချက်များရှိနေသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသတွင် စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတွင် မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သော ဓမ္မစေတီတော်များ ပြုပြင်ရန်အတွက် အလှူငွေပေးအပ်




**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကြီးတွင် ၂၈-၃-၂၀၂၅ရက်၌ လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သော ဓမ္မစေတီတော်များပြုပြင်ရန်အတွက် မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးက ငွေကျပ် (၁၀၃၅၀၀၀၀၀ိ)(ကျပ်ငွေ တစ်ထောင်သုံးဆယ်ငါးသိန်း အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲက အဆိုပါ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတောင်ဘက်မုခ် အာရုံခံမွှာရုံ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ မန္တလေးမြို့အခြေစိုက် တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှူး၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)၊ အသင်းခွဲ(မန္တလေး) ဥက္ကဋ္ဌ ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ကုသိုလ်တော်ဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးနှင့်၊ ကောင်စစ်ဝန်ချုပ်တို့သည်လှူဒါန်းမှုမှတ်တမ်းတွင် လက်မှတ်ရေးထိုးကြပြီး ဓမ္မစေတီတော်များ ပြုပြင်ရန်အတွက် တရုတ် ကောင်စစ်ဝန်ချုပ်ရုံးက အလှူငွေကျပ်(၁၀၃၅၀၀၀၀၀) (ကျပ်ငွေတစ်ထောင့်သုံးဆယ်ငါးသိန်း)ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြကာ ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရ ကျောက်မျက်ပန်းချီကားကို ပြန်လည်ပေးအပ်သည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီး၊ တရုတ်ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများသည် ကုသိုလ်တော်ဘုရားအား လက်ယာရစ်လှည့်လည်၍ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(၀၉၃)

၀-၀-၀-၀-၀

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၆**




မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဝါခင်းကုန်းရပ်ကွက်၊ ၃၅လမ်း၊ ချမ်းအေးသာစံမြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၁၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ၈၅လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ ကြားတွင်လည်းကောင်း စက်တင်ဘာ ၁၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုတောင်ရပ်၊ မယ်ဇယ်တန်းအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပရေး၊ ဂေဟာစနစ်ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို အချိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သော ပန်းများပွင့်သည့် အရိပ်ရသစ်မျိုး ၁၈ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယနေ့စိုက်သည့် နှစ်ရှည်ပင်များသည် အထူးအစီအစဉ်ဖြင့် စိုက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားသည့်ပရိဝုဏ်တော်ထဲတွင် သီးခြားစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ၁၂ လရာသီပန်းရနံ့များဖြင့် ဝေဆာစွာရှိနေစေရန် ပူဇော်နိုင်အောင် ရည်မှန်းပြီး သီးသန့်ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စံကားဝါ၊ ပနားမားငုံ၊ စွယ်တော်အပါအဝင် ၁၈ မျိုး စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ထူးခြားချက်မှာ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ဇူလိုင် ၁၁ ရက်က နိုင်ငံတော်အဆင့်အနေဖြင့် ပထမဆုံးအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြိုင်တည်း ကျင်းပစိုက်ပျိုးခဲ့ကြကြောင်း၊ မြို့နယ် ၂၉ မြို့နယ်တွင် သစ်ပင်ပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ဒုတိယအကြိမ်အဖြစ် ဩဂုတ် ၁၉ ရက်က မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်း ကားလမ်းဘေးတစ်လျှောက်တွင် သစ်မျိုးခုနစ်မျိုး၊ သစ်ပင်ပေါင်း ၁၀၀၀ စိုက်ပျိုးခဲ့ကြကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကလည်း ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝှမ်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်စုစုပေါင်း ၂၁ ဒသမ ၈၇၉ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့သည်ကို သိရသည့်အတွက် ကျေနပ်အားရဝမ်းသာမိသည်ကို ပြောကြားလိုကြောင်း။ **စာမျက်နှာ ၄ သို့** ☆

> **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဆိုသည့် နိုင်ငံတော်၏မူဝါဒနှင့်အညီ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟာစနစ်ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို အချိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပိတောက်ပင်အား ဦးဆောင်စိုက်ပျိုးပေးစဉ်။

✰ စာမျက်နှာ ၃ မှ

သစ်ပင် သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟာစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ် (Life Supporting System) အဖြစ် သတ်မှတ်ထားကြောင်း၊ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ရေနှင့် မြေဆီလွှာ ထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေးစသည့် ဂေဟာစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည့်အတွက် စနစ်တကျစိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုသေချာပေါက် အထောက်အကူပြု အကျိုးရှိစေမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

နိုင်ငံနှင့်အဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း၊ အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၊ ကမ်းရိုးတန်း ဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်း စီမံကိန်း စသည့် စီမံကိန်းများကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ကျေးလက်ဒေသ ပြည်သူများအတွက် တစ်ရွာနှစ်ဧက စိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်း၊ အာဆီယံလမ်းဘေးဝဲယာ၊ ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာ၊ ရန်ကုန်-မန္တလေး အမြန်လမ်းဘေးဝဲယာ အပါအဝင် ကားလမ်းများ၏ ဘေးဝဲယာများတွင် အရိပ်ရအပင်များ၊ တစ်အုပ်တစ်မသစ်တောငယ်များ စိုက်ပျိုးတည်ထောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ရထားလမ်းဘေးဝဲယာ တစ်လျှောက်နှင့် သစ်ပင်သစ်တော ကျဲပါးသည့် တောင်ကုန်း တောင်ထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများနှင့် သဘာဝရေထွက်ဧရိယာများတွင် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း တို့ကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

အမှန်တကယ်မှာ သစ်ပင်စိုက်ပျိုးခြင်းသည် ယခုကဲ့သို့ပွဲတော်များ၊ အခမ်းအနားများနှင့် စိုက်ပျိုးခြင်းထက် လုပ်ရိုးလုပ်စဉ် မိရိုးဖလာသဘာဝတွင်လည်း ရှိပြီးကိစ္စဖြစ်ကြောင်း၊ မိမိအိမ်ဝင်းခြံထဲ၊ အိမ်ပတ်ဝန်းကျင်၊ မိမိရပ်ရွာဝန်းကျင်၊ မိမိလယ်ယာပတ်ဝန်းကျင်၊ မိမိစက်ရုံအလုပ်ရုံဝန်းကျင်၊ လက်လှမ်းတမီ နေရာများတွင် တစ်ဦးချင်းကဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ပင်၊ နှစ်ပင်၊ သုံးပင်စသည်ဖြင့် တတ်နိုင်သလောက် ရှင်သန်အောင် နှစ်စဉ်နှစ်တိုင်းစိုက်ပျိုး ထူထောင်သွားကြမည်ဆိုပါက မိမိတို့ရည်မှန်းသည့် နိုင်ငံတော်တွင် သစ်တောလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်း ရှိစေရေး၊ သစ်တောသစ်ပင် တိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးသည် မလွဲမသွေ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကိစ္စသည် လုပ်ရိုးလုပ်စဉ်အလုပ်လည်းဖြစ်၊ ပင်ပင်ပန်းပန်းလည်းမဟုတ်၊ ဆင်းရဲဒုက္ခများသဖြင့် လုပ်ကြမည်၊ လုပ်နိုင်ကြမည်ဆိုပါက အလွန်အကျိုးရှိသော ကုသိုလ်ရမည့်လုပ်ဆောင်မှုဖြစ်လိမ့်မည်ကို ပြောကြားလိုကြောင်း၊ ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် မြတ်စွာဘုရားကို ထာဝရပူဇော်နိုင်ရန် ရည်ရွယ်ပြီး အရောင်၊ အဆင်း၊ အနံ့နှင့်ပြည့်စုံသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြစ်သည့်အတွက်ကြောင့် ရှင်သန်ဖြစ်ထွန်းအောင်အထူးစေတနာထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ နေပြည်တော် ကောင်စီနယ်မြေအပါအဝင် နိုင်ငံအဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသ အသီးသီးတွင် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း (Land-scape) များ၊ အစိမ်းရောင်ဧရိယာ (Green Space) များကို စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ လူတိုင်း လူတိုင်း၊ အိမ်ထောင်စုတိုင်း၊ ကျေးရွာ၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရေး စည်းရုံးဆောင်ရွက်ကြရန်၊ ယခုကဲ့သို့ အချိန်၊ လူအင်အားနှင့် ငွေကုန်ကြေးကျခံပြီး စိုက်ပျိုးထားသည့်အပင်များကို တစ်ပင်စိုက်တစ်ပင်ရှင်ဖြင့် အားလုံးရှင်သန်အောင် ပိုင်းဝန်းထိန်းသိမ်းပြုစုသွားကြရန်၊ နိုင်ငံအဝန်း သစ်ပင်သစ်တောများ စနစ်တကျ စိုက်ပျိုးထိန်းသိမ်းစီမံအုပ်ချုပ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက် လာကြသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသားကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သော ပန်းများပွင့်သည့် အရိပ်ရသစ်မျိုးများ ဖြစ်သော ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စကားဝါ၊ ပနားမားငု၊ စွယ်တော်အပါအဝင် သစ်မျိုး ၁၈ မျိုး ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် အမျိုးသား အမျိုးသမီး(မီတာ ၁၀၀) အပြေးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး(မီတာ ၁၅၀၀)အပြေးပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး (မီတာ ၄၀၀) လက်ဆင့်ကမ်း ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အမျိုးသားတံခွန်စိုက်ဒိုင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းကလည်းကောင်း၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အသင်းကလည်းကောင်း၊ အမျိုးသားအမျိုးသမီး စုပေါင်း တံခွန်စိုက်ဒိုင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)အသင်းကလည်းကောင်း အသီးသီးရရှိပြီး ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသား အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်ကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။



အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် စက်တင်ဘာ ၁၂ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောတရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၆

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်နှင့် ယနေ့ညနေပိုင်းတွင် နန်နင်းမြို့ရှိ လိယွမ် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ဆက်လက်တိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံအပြန်အလှန် အထောက်အကူပြုလျက်ရှိသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် အွန်လိုင်းလိမ်လည်မှု အပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်နိုင်ငံအနေဖြင့် မန္တလေးလျှောင်ကြီး အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်း၊ အုပ်ချုပ်ရေးမှူး မစ္စတာဝေတောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်- အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ် ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံများ၊ ဖိတ်ကြားထားသည့်နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

✡ စာမျက်နှာ ၂၄ မှ

တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များ၊ ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လာရောက်ရင်းနှီးမြှုပ်နှံ

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ အမယ်သစ်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်တွင်ပါဝင်သည့် ဦးစားပေးနယ်ပယ် ၈ ခုတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများ များစွာရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယုံကြည်စွာ လာရောက်ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ထွန်းလာစေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြစေလိုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

မေးမြန်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းများ၊ မူဝါဒများနှင့်အညီ ပို့ကုန်သွင်းကုန် တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုမှုများနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အဖွဲ့ဝင်များ လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co.,Ltd ၏ Global R & D Center ၌ ကြည့်ရှုလေ့လာစဉ်။

သွားရောက်လေ့လာ

နံနက်ပိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co.,Ltd ၏ Global R & D Center သို့ သွားရောက်လေ့လာကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများက စက်ရုံမှအဆင့်မြင့်နည်းပညာများဖြင့် ဆန်းသစ်တီထွင်ထုတ်လုပ်လျက်ရှိသည့် စက်ယန္တရားကြီးများ၊ EV စက်ယန္တရားကြီးများနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ စက်ရုံမှထုတ်လုပ်သည့် EV Loader ဖြင့် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များ၌ အဝေးထိန်းစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မှုပြကွက်နှင့် ကမ္ဘာတစ်ဝန်း စီမံကိန်းကြီးများတွင် စက်ရုံထုတ်စက်ယန္တရားကြီးများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် ပြကွက်တို့ကို ရှင်းလင်းပြသပြီး နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်းရန် နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၇ ခုနှစ်၊ မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို စည်ကားသိုက်မြိုက်စွာ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ စေတနာရှင်အလှူရှင်များအနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁၂၅၂၄၁၇၊ ၀၉၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်းဆိုင်ရာ ကြေညာချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ




နေပြည်တော် စက်တင်ဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံ ရှေ့နေချုပ် H.E. Mr. Burthanuddin ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းဆိုင်ရာ ကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ ရှေ့နေချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အာဆီယံရှေ့နေချုပ်များ အစည်းအဝေးကို အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၂၀၂၃ ခုနှစ်က ထိုင်းနိုင်ငံ ဘန်ဆန်းမြို့၌ ကျင်းပခဲ့သော ပထမအကြိမ် အတိုင်ပင်ခံအစည်းအဝေး၏ ရလဒ်၊ ၂၀၂၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် အတိုင်ပင်ခံအစည်းအဝေး၊ ၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပခဲ့သော တတိယအကြိမ် အတိုင်ပင်ခံအစည်းအဝေး၊ ၂၀၂၄ ခုနှစ်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သော (၄၄)ကြိမ်မြောက်နှင့် (၄၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ရလဒ်တို့နှင့်အညီ တည်ထောင်ရန် သဘောတူညီခဲ့ကြောင်း။

အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်း၏ ရည်ရွယ်ချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားစွဲနှင့် အမှုလိုက် လုပ်ငန်းများတွင် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ အာဆီယံရှေ့နေချုပ်များအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများနှင့်အညီ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို အထောက်အပံ့ပြုရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အစိုးရအမှုလိုက်အရာရှိများ၏ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရေး၊ ပုံမှန်မဟုတ်သော ပြစ်မှုများနှင့် နည်းပညာအသုံးပြု ကျူးလွန်သည့်ပြစ်မှုများ ဖြေရှင်းနိုင်ရေးအတွက် အစိုးရအမှုလိုက်အရာရှိများ၏ စွမ်းရည်မြှင့်တင် ဆောင်ရွက်မှုများ ပူးပေါင်းဆောင်ရွက်ရေး၊ ကဏ္ဍအလိုက် အာဆီယံဝန်ကြီးများအဖွဲ့အား တရားစွဲအမှုလိုက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထောက်အပံ့ပြုရန်နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေရေးရာမူဘောင်များနှင့် တရားစွဲအမှုလိုက်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို ဖလှယ်ရေးဆိုင်ရာ အကြောင်းအရာများစသည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကြေညာချက် လက်မှတ်ရေးထိုးခြင်းသည် အာဆီယံဥပဒေရေးရာများ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွင် စာမျက်နှာအသစ်တစ်ခုကို ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ရှေ့နေချုပ်များက အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းဆိုင်ရာကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းဆိုင်ရာ ကြေညာချက်ကို လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံနိုင်ငံများအတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေနိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရှေ့နေချုပ်ရုံးများအကြား တရားစွဲနှင့်အမှုလိုက်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်မည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရန်အတွက် ဗိုလ်မှူးကြီး ဇာနည်အောင် ဦးဆောင်သည့် မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### လေ့လာလည်ပတ်သွားမည်

အဆိုပါ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ စုစုပေါင်း ၁၂၀ လိုက်ပါသွားပြီး အိန္ဒိယနိုင်ငံ ဂါယာမြို့ရှိအထင်ကရနေရာများ၊ သင်တန်းကျောင်း၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ စက်တင်ဘာ ၁၉ ရက်အထိ လေ့လာလည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အိန္ဒိယတပ်မတော်(ကြည်း၊ ရေ ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ခင်မင်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရန်အတွက် COL SHRIKANT JETHI ဦးဆောင်ပြီး အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော အိန္ဒိယတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆင်ဖြူတော်များအား လေ့လာကြည့်ရှုကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် COL SHRIKANT JETHI ဦးဆောင်သည့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည် စုစုပေါင်း ၁၂၀ လိုက်ပါလာပြီး နေပြည်တော်ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ စက်တင်ဘာ ၁၉ ရက်အထိ လေ့လာလည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်း




မန္တလေး စက်တင်ဘာ ၁၆

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၇ ခုနှစ်၊ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်သည်။ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ရန် အတွက် မန္တလေး အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ၁၂လမ်းရှိ လှိုင်း လက်ဖက်ရည်ဆိုင်၌ ကျင်းပရာ မန္တလေးမြို့နေ ဗိုလ်မှူးချုပ် ရန်သိမ်း မန္တလေးမြို့တော်ဝန် (ငြိမ်း)+ ဒေါ်ယဉ်ယဉ်ရွှေ မိသားစုက အလှူငွေကျပ် ငါးသောင်း၊ ဦးလှဘော်(မောင်လှဘော်-မအူပင်) မိသားစုက အလှူငွေကျပ် ငါးသောင်း၊ ဦးကံလှ(မောင်လှလှ-ဓေယျာဦး)မိသားစုက အလှူငွေကျပ် သုံးသောင်း၊ ကိုဝင်းဘို + မမိုးသီတာ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး မိသားစုက အလှူငွေကျပ် ငါးသောင်း၊ ဦးဇော်မင်း + ဒေါ်ခိုင် လှိုင်း(II) လက်ဖက်ရည်ဆိုင်နှင့် မုန့်မျိုးစုံ စားသောက်ဆိုင် မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဒေါ်မိမိရီ၊ ဒေါ်တင်တင်အေး အဘိဓမ္မာသင်တန်းမှ အလှူငွေကျပ် တစ်သောင်းစီ၊ ဦးအောင်မင်းဦး + ဒေါ်ခင်ခင်လေး မိသားစုက အလှူငွေကျပ် နှစ်သောင်းနှင့် ဦးရွှေမော်၊ ဦးဖိုးချစ် တို့က အလှူငွေကျပ် တစ်သောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်စာရေးဆရာအသင်း နာယက ဦးကံလှ၊ ဥက္ကဋ္ဌ မြောက်ပြင်တော်က ကိုရွှေမော်၊ အတွင်းရေးမှူး ဦးမြဝေ(ယောမင်းကြီး)နှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ် သတင်းအဖွဲ့)

# ပြည်တွင်းနှင့်နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အထွေထွေရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပြည်တွင်းနှင့်နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အထွေထွေရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း**

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ယနေ့မှစတင်ကာ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့အထိ လျှောက်ထားနိုင်ပါသည်။

၂။ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများလိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာ အမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆ - ၉ - ၂၀၂၅ ရက် နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ Official Website ဖြစ်သည့် https://www.uec. gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်း များမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နောင်ချိုမြို့နယ်၌ ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ၊ အသက် (၁၅) နှစ်အောက်ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိ

**နောင်ချို စက်တင်ဘာ ၁၆**

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်ရှိ ကျေးလက်ကျန်းမာရေး ဌာနနှင့် ဌာနခွဲ ၂၅ ခု ပြန်လည်ဖွင့်လှစ်ပြီး ပဏာမကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများကို အားဖြည့် ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်း၊ ကျောင်းတွင်း အာဟာရ ကျွေးမွေးခြင်းနှင့် ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည် အားဖြည့် ဆောင်ရွက်ရန်အတွက် Big Catch-up ၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများ၊ အသက် (၁၅) နှစ်အောက် ကလေးများအား လိုအပ်သော ကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများ (Special Immunization Activities)၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ဖြစ်ပွားချိန်တွင် တုံ့ပြန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ (Outbreak Response Immunization) စသည်ဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင်နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်းပေါင်း ၈၈ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၃၅၂၆ဦး ကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသား ပြည်သူစုစုပေါင်း ၃၁၁၃ ဦးကို လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း ပြန်လည်အားဖြည့် ဆောင်ရွက်လျက်ရှိပြီး အသက်ငါးနှစ်အောက် ကလေးငယ်များအား ငါးမျိုးစပ် ကာကွယ်ဆေး၊ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး(အစက်ချဆေး၊ ထိုးဆေး)များကိုလည်းကောင်း၊ အသက် (၅) နှစ်မှ (၇) နှစ် အရွယ်ကလေးများအား ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုး ရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေး (အစက်ချဆေး) များကိုလည်းကောင်း၊အသက် (၇)နှစ်မှ (၁၅)နှစ် အရွယ်ကလေးများအား မေးခိုင်-ဆုံဆို့ရောဂါ ကာကွယ်ဆေး၊ ဝက်သက် - ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကိုလည်းကောင်း ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ကလေးစုစုပေါင်း ၁၆၄၈၄ ဦးကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့သည်။



အသက် (၁၅)နှစ်အောက် ကလေးများအား လိုအပ်သော ကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများကို နောင်ချိုမြို့နယ်အပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပံ့မှန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေသော မြို့နယ်အားလုံးတွင် ထိုးနှံတိုက်ကျွေး ပေးလျက်ရှိသည်။

နောင်ချိုမြို့နယ်တွင်၂၀၂၅ ခုနှစ် ဇူလိုင်၂၀ရက်က "မြနန်းတော်ဝင်" မင်္ဂလာခန်းမ၌ ယာယီဆေးရုံ ဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးခဲ့ပြီး မြို့နယ် ပြည်သူ့ဆေးရုံကို ဩဂုတ် ၂ ရက်က ပြန်လည်ဖွင့်လှစ်ကာ လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ် ခွဲစိတ်ကုသပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသား ပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး စက်တင်ဘာ ၁၅ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ ၃၅၉၅ ဦးနှင့် အတွင်းလူနာ ၄၂၁ ဦးအား လိုအပ်သော ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သီတင်းကျွတ်မီးထွန်းပွဲတော်တွင် အလှဆင်မီးပုံးများနှင့် မီးထွန်းအရုပ်များ ယမန်နှစ်ကထက် ရောင်းအားကောင်း

မကြာမီတွင် ရောက်ရှိလာမည့် သီတင်းကျွတ်မီးထွန်းပွဲတော် ကာလတွင် မြန်မာ့ရိုးရာလက်မှုပစ္စည်းတစ်ခုဖြစ်သည့် အလှဆင် မီးပုံးများ၊ မီးထွန်းအရုပ်များကို စတင်လုပ်ဆောင်နေပြီး ရောင်းချရမှု ပိုင်းတွင် ယခင်နှစ်ကထက် ကောင်းမွန်လျက်ရှိကြောင်း မြန်မာ့ရိုးရာ



မီးထွန်းအရုပ်လုပ်ငန်း လုပ်ကိုင်သူများထံက သိရသည်။

"ဒီနှစ်က မီးထွန်းအရုပ်လုပ်ကိုင်တဲ့သူနည်းတယ်၊ ဒါပေမယ့် ဝယ်ယူမှုကတော့ ကျမသွားတဲ့အတွက် အခုကတည်း ကြိုတင်အော်ဒါတွေနဲ့ တော်တော်လေးရောင်းချနေရပါတယ်၊ နှစ်စဉ်လည်း ဒီအချိန်ဆိုရင် မနိုင်အောင် လုပ်နေရသလို၊ ဒီနှစ်မှာလည်း မနှစ်တွေကထက်ကို ပိုလုပ်နေရတယ်"ဟု မြန်မာ့ရိုးရာမီးထွန်းအရုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောသည်။

မီးထွန်းအရုပ်နှင့် မီးပုံးများအား တန်ခူးလကျော်ပြီးနောက်ပိုင်းမှ စတင်ကာ ပစ္စည်းများစုဆောင်းခြင်းများကို စတင်ပြုလုပ်ကြပြီး အောက်တိုဘာ၊ နိုဝင်ဘာလထဲတွင် မီးပုံးအရုပ်များကို အချောသပ် လုပ်ဆောင်ရသည်။

"ကျွန်မတို့ဆီကတော့ မီးထွန်းအရုပ်ပေါင်း(၁၈)မျိုးလောက်ကို ထုတ်လုပ်တယ်၊ ဈေးတွေကတော့ အရင်က အနည်းဆုံး ငွေကျပ် ၁၃၀၀ လောက်ကနေစပေမယ့် ဒီနှစ်မှာတော့ ငွေကျပ် ၂၀၀၀ လောက် ကစပြီး ရောင်းချရပါတယ်"ဟု မီးထွန်းအရုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောသည်။

မီးထွန်းအရုပ်များကို ပြုလုပ်ရာတွင် အချိန်အားဖြင့် နှစ်ပတ်ဝန်းကျင်ခန့် ကြာမြင့်ကာ ဝါးခုတ်ခြင်း၊ ကော်ကပ်ခြင်း၊ ပုံသွင်းခြင်း၊ စက္ကူကပ်ခြင်းနှင့်အခြားအဆင့်အမျိုးမျိုးတို့ကို ပြုလုပ်ပြီးနောက် ဈေးကွက်ဝင်သော မီးပုံးအရုပ်တစ်ခုကို ရရှိခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

| ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ လိဂ်အဆင့် အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| ဘီလ်ဘာအို | ၀ - ၂ | အာဆင်နယ် | |
| PSV | ၁ - ၃ | ရှိုင်ရယ်ယူနီယံ | |






## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သုမင်္ဂလာဈေး(ညံ့တောဈေး)တည်ဆောက်ရေးစီမံကိန်းနှင့် ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲ(၂)ပေမြှင့်တင်ခြင်းလုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက သုမင်္ဂလာဈေး (ညံ့တောဈေး) တည်ဆောက်ရေးစီမံကိန်းနှင့် ဆင်လမ်းရေလှောင်တမံရေပိုလွှဲ(၂)ပေမြှင့်တင်ခြင်းလုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရာ၌ ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ပြောကြားပြီး စီမံကိန်းအတွင်း ကြည့်ရှုခဲ့သည်။

၎င်းနောက် ပြင်ဦးလွင်ဒေသ သောက်သုံးရေဖူလုံစွာရရှိရေး ဆင်လမ်း ရေလှောင်တမံရေပိုလွှဲ(၂)ပေမြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်နေသည့် နောင်ခမ်းကြီးရပ်ကွက်အနီး ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိပြီး ပြင်ဦးလွင်မြို့တွင် နေထိုင်လူဦးရေတိုးပွားလာမှုအတွက် ရေပိုမိုပေးဝေနိုင်ရန် ဆင်လမ်းဆည်အား ယခင် ကန်ရေပြည့်ရေမှတ် ၃၇၂၆ ပေမှ ယခု ၃၇၂၈ ပေ အထိ နှစ်ပေတိုးမြှင့် ရေသိုလှောင်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေတံခါးအရွယ်အစား ၁၇ပေ x ၂ပေ(၄ချပ်)တပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဆင်လမ်းတမံအတွင်း ရေဝင်ရောက်မှုနှင့် သောက်သုံးရေပေးဝေနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးနှင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အလေးထားကာ ဆောင်ရွက်သွားရန် တို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်း အနီးစခန်းဘူတာလမ်းခွဲအနီးရှိ ဒေသထွက်ကုန် ပစ္စည်းအရောင်းဆိုင်တန်းများအား စနစ်တကျဖြစ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်ပြီးစီးသည့် အနီးစခန်းဈေးတန်းဈေးဆိုင်ခန်းများတွင် ဈေးသူ၊ ဈေးသားများဒေသထွက်ကုန်များ ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့နယ်အတွင်း အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ပေးသည့် အမှိုက်ပုံးအစုံ(၅၀)အား ခွဲဝေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်






**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြင်ဦးလွင်မြို့နယ်အတွင်း အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ပေးသည့် အမှိုက်ပုံး အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်နှင့် အနီရောင် ၄ မျိုးပါ အစုံ ၅၀ အား ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများနှင့် အဖွဲ့အစည်းများထံသို့ ခွဲဝေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှိုက်ပုံးများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍အမှာစကားပြောကြားရာတွင် လူတစ်ဦးချင်းစီမှထွက်ရှိသော အမှိုက်ပမာဏ အမှိုက်လျှော့ချနိုင်ရန်၊ အမှိုက်ခွဲခြားစွန့်ပစ်မှုနှင့် ပြည်သူလူထုအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိစေပြီး အနာဂတ်မျိုးဆက်သစ်များအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်အား လက်ဆင့်ကမ်းပေးနိုင်စေရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် စွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်သည့် အမှိုက်ပုံးများထားရှိသွားရန်နှင့် စည်ပင်သာယာရေးအဖွဲ့များကလည်း စွန့်ပစ်အမှိုက်များကို ခွဲခြားသိမ်းဆည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြင်ဦးလွင်မြို့အား အစဉ်အမြဲသန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများတွင် အားလုံးပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းအား အမှိုက်စိုများကို အမှိုက်ပုံးအစိမ်းရောင်၊ အမှိုက်ခြောက်များကို အမှိုက်ပုံး အဝါရောင်၊ ပလတ်စတစ်အမှိုက်များကို အမှိုက်ပုံးအပြာရောင်နှင့် ဘေးအန္တရာယ်ရှိအမှိုက်များကို အမှိုက်ပုံး အနီရောင်တို့ဖြင့် ခွဲခြားသတ်မှတ်စွန့်ပစ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ၊ ရုံးများ၊ အခြေခံပညာကျောင်းများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများထံသို့ အမှိုက်ပုံးများကို ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။





အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အိုဇုန်းလွှာသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများကို အန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည်များကို ကမ္ဘာမြေပြင်သို့ တိုက်ရိုက် မရောက်ရှိစေရန် ကာကွယ်စစ်ထုတ်ပေးထားသောအငွေ့စစ်ကိရိယာ တစ်ခုအနေဖြင့် အကျိုးပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများကြောင့် အိုဇုန်းလွှာ ထိခိုက်ပျက်စီးနေသည်ကို သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအပါအဝင် အခြားဌာနများနှင့်ပူးပေါင်းပြီး အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် လစဉ်အသိပညာပေးခြင်း၊ ရေထုအရည်အသွေးနှင့် ဝန်းကျင်လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများတွင် အားလုံးအတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန တိုင်းဦးစီးမှူးက အိုဇုန်းလွှာအကြောင်း သိကောင်းစရာများနှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ပေါ်ပေါက်လာမှုနှင့်စပ်လျဉ်း၍ တင်ပြပြောကြားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Video Clip / UNEP မှ ဒါရိုက်တာ၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video message ပြသမှု အစီအစဉ်များ၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပိုစတာများ၊ တိုင်းတာရေး စက်ကိရိယာပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ

## ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့်အညီ စိုက်ပျိုးရေးသွင်းအားစုများ ရောင်းချရေးဆွေးနွေးပွဲ ကျင်းပ

**ရမည်းသင်း စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းအဆင့်ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းကမ်းချက်များနှင့်အညီ စိုက်ပျိုးရေးသွင်းအားစုများ ရောင်းချဆွေးနွေးပွဲကို ရမည်းသင်းခရိုင်ဦးစီးမှူးရုံးတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲသို့ ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်ရှိ စိုက်ပျိုးရေးသွင်းအားစုအရောင်းဆိုင်(၁၁၂)ဆိုင်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ဆွေးနွေးပွဲ၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်မြင့်က အဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးမြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံနှင့် သီးနှံကာကွယ်ရေးတာဝန်ခံတို့က မြေဩဇာ မျိုးစေ့နှင့် ပိုးသတ်ဆေးဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးပြောကြားရာ တက်ရောက်လာသူများ၏ သိလိုသည်များ မေးမြန်းဆွေးနွေးမှုအပေါ် တာဝန်ခံများက ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

## ဝန်ထမ်းများအား (၁၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲတွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း သိရသည်။



(၁၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် (၁၄၁)စည်း၊ ခရမ်းသီး(၁၀၀)ထုပ်၊ ငရုတ်သီး(၂၅)ထုပ်၊ ဘူးသီး(၆)လုံး၊ ချဉ်ပေါင်(၄၁၀)စည်း၊ ၄က်ပျောသီး(၃၀)ဖီး၊ သင်္ဘောသီးစိမ်း(၃၅)လုံးနှင့် ငွေနှင်းမှို(၁၀၀)ထုပ်တို့ကို ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲရှိ ဝန်ထမ်း(၁၆၀)ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနရှိ ဝန်ထမ်း(၄၅)ဦးနှင့် မဟာအောင်မြေမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်း(၅၁)ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့်တာဝန်ရှိသူများက အချိုးကျ ခွဲဝေထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာဌာနတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

ဝ-ဝ-ဝ-ဝ-ဝ

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

# ဩစတြေးလျနိုင်ငံ၌ အသက် ၁၆ နှစ်အောက်ရှိသူများ၏ ဆိုရှယ်မီဒီယာအကောင့်များအား ပိတ်ပင်မည်




**ဆစ်ဒနီ စက်တင်ဘာ ၁၆**

ဩစတြေးလျနိုင်ငံ၌ ဆိုရှယ်မီဒီယာလုပ်ငန်းများ အနေဖြင့် အသက်၁၆နှစ်အောက်ရှိသူများ၏ ဆိုရှယ်မီဒီယာအကောင့်များကို ရှာဖွေဖော်ထုတ်ပြီး ပိတ်ပင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အစိုးရက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဒီဇင်ဘာလတွင် အသက် ၁၆ နှစ်အောက်ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့် ပိတ်ပင်သည့် ဥပဒေသည် နိုင်ငံအတွင်း အသက်ဝင်မည်ဖြစ်သည်။ ဥပဒေအရ ဆိုရှယ်မီဒီယာလုပ်ငန်းများအနေဖြင့် အသက် ၁၆ နှစ်အောက်ရှိသူများ၏ ဆိုရှယ်မီဒီယာအကောင့်များကို ပိတ်ပင်ရမည်ဖြစ်ကာ ယင်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား အသိပေးရမည်ဖြစ်သည်။

ဩစတြေးလျပါလီမန်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက အတည်ပြုခဲ့သည့် ၎င်းဥပဒေအရ အသက် ၁၆ နှစ်အောက် ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့် ပိတ်ပင်ရန် ပျက်ကွက်သည့် ဆိုရှယ်မီဒီယာလုပ်ငန်းများသည် ဩစတြေးလျဒေါ်လာ ၄၉ ဒသမ ၅ သန်း ဒဏ်ဆောင်ရမည် ဖြစ်သည်။ မိမိတို့အနေဖြင့် အသက် ၁၆ နှစ်အောက်ရှိ ကလေးများအား အွန်လိုင်းမှ နှောင့်ယှက်သူများ၏ ရန်မှ ကာကွယ်ရေးအတွက် အဓိပ္ပာယ်ရှိသည့် ဆောင်ရွက်ချက်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး အနီကာဝဲလ်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# နမီးဘီးယားနိုင်ငံ၌ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး သီတင်းပတ်ကျင်းပ

**ဝင်းဒှေါခ် စက်တင်ဘာ ၁၆**

နမီးဘီးယားနိုင်ငံ မြို့တော်ဝင်းဒှေါခ်တွင် ၂၀၂၅ ခုနှစ် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးသီတင်းပတ်ကို စက်တင်ဘာ ၁၅ရက်ကကျင်းပသည်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး သီတင်းပတ်တွင် လျှပ်စစ်ကား ပြပွဲများပြသခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ယခု ကျင်းပသည့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး သီတင်းပတ်အစီအစဉ်သည် ဝင်းဒှေါခ်ဒေသခံများကြုံတွေ့နေရသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားခြင်းနှင့် လေထုအရည်အသွေးဆိုင်ရာ အခက်အခဲများကို လက်တွေ့ကျသည့် ဖြေရှင်းဆောင်ရွက်ချက်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးတာဝန်ရှိသူ ပီယာဗန် ရန်စ်ဗတ်က ပြောကြားသည်။ ဒေသခံများအား ကာဗွန်ထုတ်လွှတ်မှု လျှော့ချသည့် နည်းလမ်းများဖြစ်သည့် စက်ဘီးစီးခြင်းနှင့် လမ်းလျှောက်ခြင်းတို့ကို ဆောင်ရွက်ကြရန် ၎င်းက ပြောကြားသည်။ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် ဝင်းဒှေါခ်မြို့တွင် လျှပ်စစ်ကားအားသွင်းရုံတစ်ခုကိုလည်း စတင်ဖွင့်လှစ်ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# တစ်တော့အပလီကေးရှင်း ပိုင်ဆိုင်မှု မူဘောင်သဘောတူညီမှု ရရှိ

**မက်ဒရစ် စက်တင်ဘာ ၁၆**

အမေရိကန်နှင့် တရုတ်အရာရှိများသည် တစ်တော့အက်ပလီကေးရှင်းကို အမေရိကန်ထိန်းချုပ်မှုအောက်သို့ ပြောင်းလဲပိုင်ဆိုင်ရန်အတွက် စက်တင်ဘာလ ၁၅ ရက်နေ့တွင် မူဘောင်သဘောတူညီမှုရရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုသဘောတူညီချက်ကို အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့၏ သောကြာနေ့ တယ်လီဖုန်းဆွေးနွေးပွဲတွင် အတည်ပြုမည်ဟု ဆိုသည်။

အမေရိကန်အသုံးပြုသူ သန်း ၁၇၀ ရှိသည့် လူမှုကွန်ရက်အက်ပလီကေးရှင်းနှင့်ပတ်သက်သော ဖြစ်နိုင်ချေရှိသည့် ဤသဘောတူညီချက်သည် ကမ္ဘာ့ပထမနှင့် ဒုတိယစီးပွားရေး အင်အားကြီးနှစ်နိုင်ငံအကြား လပေါင်းများစွာကြာမြင့်ခဲ့သော ဆွေးနွေးမှုများတွင် ရှားရှားပါးပါး အောင်မြင်မှုတစ်ခုပင် ဖြစ်သည်။




စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် တရုတ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီးနောက် စက်တင်ဘာ ၁၇ ရက် နောက်ဆုံးထားမည့် သတ်မှတ်ရက်သည် လူမှုကွန်ရက်အက်ပလီကေးရှင်းကို အမေရိကန်တွင် ထိခိုက်စေနိုင်သည့်အတွက် တရုတ်ကိုယ်စားလှယ်များအနေဖြင့် သဘောတူညီချက်ရရှိရန် တွန်းအားဖြစ်စေခဲ့သည်ဟု အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စကော့ဘီဆန့်က ပြောကြားသည်။

၎င်းသည် သဘောတူညီချက်ကို အပြီးသတ်ရန် သတ်မှတ်ရက်ကို ရက် ၉၀ ထပ်မံတိုးမြှင့်နိုင်ကြောင်း ပြောကြားခဲ့သော်လည်း သဘောတူညီချက်၏ အသေးစိတ်အချက်အလက်များကို ပြောဆိုရန် ငြင်းဆန်ခဲ့သည်။

ကုမ္ပဏီတွင် တရုတ်နိုင်ငံကရှယ်ယာများ ရယူမည်လား ဟူသော သတင်းထောက်များ၏ မေးခွန်းကို ကျွန်ုပ်တို့ မဆုံးဖြတ်ရသေးပါ၊ သို့သော် ကျွန်ုပ်တော်သည် စက်တင်ဘာ ၁၉ ရက်တွင် သမ္မတရှီနှင့် အတည်ပြုရန် စကားပြောမည်ဟု ထရမ့်က ဖြေကြားခဲ့သည်။

နှစ်ဖက်စလုံးက တစ်တော့ သဘောတူညီချက်ရရှိရန် နီးစပ်ပြီဟု ပြောကြားခဲ့သည့် ယင်းအခြေအနေသည် ယခုနှစ်တွင် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**Mon**

# ယခုနှစ် ဗီယက်နမ်၏ စီးပွားရေးတိုးတက်မှု နှေးကွေးမည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ခန့်မှန်း

**ဟနွိုင်း စက်တင်ဘာ ၁၆**

အမေရိကန်၏ အခွန်ကောက်ခံမှုများ၏ သက်ရောက်မှုများကြောင့် ယခုနှစ် ဗီယက်နမ်၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းမည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က စက်တင်ဘာ ၁၆ ရက်တွင် တွက်ချက်ခန့်မှန်းလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါရလဒ်အရ လွန်ခဲ့သော နှစ်က ၇ ဒသမ ၀၉ ရာခိုင်နှုန်းရှိခဲ့သော တိုးတက်မှုနှုန်းထက် နှေးကွေးမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် "အန္တရာယ်များ မြင့်မားနေသည်"ဟု တင်ပြထားပြီး အစိုးရက တစ်ကြိမ်တည်း ထုတ်ပေးခဲ့သည့် လှုံ့ဆော်မှုအစီအမံများ ပြန်လည်ရုပ်သိမ်းခြင်းကြောင့် နောက်နှစ်တွင် တိုးတက်မှုနှုန်း ပိုမိုနှေးကွေးမည်ဖြစ်ကြောင်း ထောက်ပြသတိပေးသည်။



ကမ္ဘာ့ကုန်သွယ်ရေး တင်းမာမှုများ ပိုမိုဆိုးရွားလာခြင်း သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအခြေအနေများ ပိုမိုတင်းကျပ်လာခြင်းတို့ကြောင့် ဗီယက်နမ်ပို့ကုန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအားနည်းစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# နာမည်ကျော် ဗိသုကာပညာရှင် နီကိုလပ်စ်ဂရင်းရှော ကွယ်လွန် ဒေင်ဥယျာဉ်၌ အောက်မေ့ဖွယ်အစီအစဉ်များ ပြုလုပ်သွားမည်



**လန်ဒန် စက်တင်ဘာ ၁၆**

နာမည်ကျော် ဗိသုကာပညာရှင် ဆာနီကိုလပ်စ်ဂရင်းရှောသည် အသက် ၈၅ နှစ်အရွယ်တွင် ယမန်နေ့က ကွယ်လွန်သွားရာ ၎င်း ဖန်တီးခဲ့သော ကွန်းဝေါလ်ရှိ ဧဒင်အပန်းဖြေဥယျာဉ်၌ အောက်မေ့ဖွယ်အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ဆာနီကိုလပ်စ်သည် ၁၉၉၂ ခုနှစ် ဆီဗီးလ်အီစပိုအတွက် ဗြိတိသျှပါဗေးလီယံကိုလည်း ဒီဇိုင်းရေးဆွဲခဲ့ပြီး လန်ဒန်ဝါတာလူရှိ အပြည်ပြည်ဆိုင်ရာ ဂိတ်ကိုလည်း ဒီဇိုင်းရေးဆွဲခဲ့သည်။ ယင်းဒီဇိုင်းသည် ၁၉၉၄ ခုနှစ်တွင် ဗြိတိသျှဗိသုကာပညာရှင်များ၏ အသင်းတော်မှ တစ်နှစ်တာ အဆောက်အအုံဆုကို ရရှိခဲ့သည်။

၁၉၈၀ ခုနှစ်တွင် ၎င်းတည်ထောင်ခဲ့သော ဂရင်းရှော ဗိသုကာ ကုမ္ပဏီက သီတင်းပတ်နှောင်းပိုင်းတွင် ထိုသတင်းကို အတည်ပြုကြေညာခဲ့သည်။

ကုမ္ပဏီမှ ထုတ်ပြန်သည့် ကြေညာချက်တွင် "တီထွင်ဖန်တီးမှုနှင့် အတွေးအခေါ်များ ပိုင်ဆိုင်သူ"အဖြစ် ဖော်ပြခဲ့ပြီး "အရာဝတ္ထုများ မည်သို့ပြုလုပ်သည်ကို အဆုံးမရှိ စူးစမ်းလိုစိတ်"ကြောင့် ၎င်းကို အောက်မေ့သတိရနေမည်ဟုလည်း ဖော်ပြထားကြောင်း သိရသည်။

**Mon**

STOP AIDS



## စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး စစ်ကိုင်း - မန္တလေး ဇက်ကူးတို့ဆိပ်တွင် ကူးသန်းသွားလာနေမှုများအား ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးခင်ဇော်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက စစ်ကိုင်း- မန္တလေး ဇက်ကူးတို့ဆိပ်တွင် ကူးသန်းသွားလာလျက်ရှိသော ကုန်တင်ယာဉ်ကြီးများ၊ ဆီသယ်ယာဉ်များ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် သယ်ယူပို့ဆောင်ပေးနေမှုများ၊ အသစ်ပြောင်းလဲပြင်ဆင်ထားသည့် ဈေးနှုန်းများအတိုင်း ကောက်ခံမှု ရှိ၊ မရှိနှင့် ဇက်ကူးတို့များကမ်းကပ်သည့်နေရာ စစ်ကိုင်းဘက်ကမ်းနှင့် မန္တလေးဘက်ကမ်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသည့်အဖွဲ့များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နေလင်းအောင်(ပြန်/ဆက်)

*-*-*-*-*-*-*

## ပြည်သူများသို့ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းများ ဆက်လက်ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၌ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြည်ကြီးမာန်အောင်ဓမ္မာရုံနှင့် ရန်ကင်းဓမ္မာရုံတို့တွင် ရပ်ကွက်နေပြည်သူများသို့ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၂) ဦးကျော်စိုးဝင်းက မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမင်းစိုးနိုင်က မဲပေးပုံ၊ မဲပေးနည်းများကိုလည်းကောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီစနစ်အောင်မြင်ရေးအတွက် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်အားလည်းကောင်း ရှင်းလင်းပြောကြားပြီး တစ်ဦးချင်းကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းထွန်းကျော်နှင့် အဖွဲ့ဝင်များ၊မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ကျ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် သန္တာအောင်နှင့် အဖွဲ့ဝင်များ၊ သင်ပန်းကုန်းရပ်ကွက်မှ အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်စာရေး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ သင်ပန်းကုန်းရပ်ကွက်နေပြည်သူများက ပြည်ကြီးမာန်အောင်ဓမ္မာရုံတွင် လူဦးရေ ၁၀၀၀ နှင့် ရန်ကင်းဓမ္မာရုံတွင် လူဦးရေ ၇၀၀ တို့ တက်ရောက်ကာ တစ်ဦးချင်းကိုယ်တိုင်စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စင်မင်းမောင်(ခရိုင်-ပြန်/ဆက်)



## မြို့မဈေးတွင် ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့နည်းပပျောက်စေရေးနှင့် အစားထိုးသုံးစွဲမှုများလိုက်နာရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**မြစ်သား စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့နည်းပပျောက်စေရေးနှင့် အစားထိုးသုံးစွဲမှုများ လိုက်နာရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီက မြစ်သားမြို့၊ မြို့မဈေးကြီးတွင် ပြုလုပ်ခဲ့သည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရ၊ လှုပ်ရှားမှုအဖြစ် ဈေးရောင်းချသူများနှင့် ဈေးဝယ် ပြည်သူများအား အစားထိုး အိတ်အလုံး ၈၀ ဖြန့်ဝေပေးခဲ့ပြီး ပတ်ဝန်းကျင်သာယာလှပရေး၊ ပလတ်စတစ် အမှိုက်ကင်းစင်ရေး လိုက်နာဆောင်ရွက်သွားကြရန်နှင့် ပလတ်စတစ်၏ ဆိုးကျိုးများဖြစ်သည့် မြို့ပြ၏ သန့်ရှင်းသာယာလှပမှုကို ထိခိုက်ခြင်း၊ မြေထု၊ ရေထု၊ လေထုများကို ညစ်ညမ်းခြင်း၊ ကျန်းမာရေးကို ထိခိုက်ခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုဝင်းနှင့် ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်နှင့် ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသော်ထူးပိုင်နှင့် မြို့မဈေး ဈေးတာဝန်ခံ ဦးကျော်မြင့်တို့က ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ "ပတ်ဝန်းကျင်သာယာလှပစေဖို့ ပလတ်စတစ်အမှိုက်ကင်းစင်စေရေး ဆောင်ရွက်စို့" လက်ကမ်းစာစောင် ၁၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝါဝါမြင့်(မြစ်သား)



## ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရာသီကာလတွင် ရေကြီးရေလျှံမှုကင်းဝေးစေရန်နှင့် မြို့ပြသန့်ရှင်းသာယာလှပစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဌာန၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာများက မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ပွင့်ဖြူမြို့၌ မိုးရာသီကာလ ရေကြီးရေလျှံမှုများ မဖြစ်စေရန်နှင့် မြို့ပြသန့်ရှင်းသာယာလှပစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရေဆိုးထုတ်မြောင်း ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါတံတားနှစ်စင်းမှာ အရှည် ၁၆ ပေ၊ အကျယ် ၆ ပေ၊ အနက် ၄ ပေ ၉ လက်မစီ ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဌာန၏ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၀၆ သိန်းဖြင့် ဌာနမှ တာဝန်ယူ၍ ယခုနှစ် ဩဂုတ် ၁၀ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ရဲဝင်းနိုင်(ညောင်ဦး)



## အနောက်ဖွားစောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် အနောက်ဖွားစောကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက အမှာစကားပြောကြားပြီး စီမံကိန်းလုပ်ငန်းဝန်ထမ်းများက စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အနောက်ဖွားစောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၀ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၈ ဒသမ ၉၁ သန်း ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၄၈ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ၀ ဒသမ ၄၁ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၄၅)





# Mobile Clinic
## အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကွင်းဆင်းကုသ

**မန္တလေး စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)သည် ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ငလျင်ဘေးသင့်ရပ်ကွက်နှင့် ကျေးရွာများနှင့် ငလျင်ယာယီကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်း၍ ဆေးကုသပေးလျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ်၊ လမ်း ၇၀နှင့်၃၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)သို့ ငလျင်ဘေးသင့်ပြည်သူများအား ဆေးကုသရန် ငွေနှင့်ဆေးဝါးများ လာရောက် လှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)Mobile Clinicမှ ဒေါက်တာရန်နိုင်မိုး၊ အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်သန်း၊ စိတ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာချို့နွယ်ဇင်နှင့် အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်၊ လမ်း ၈၀၊ လမ်း၂၀နှင့်၂၁ လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ စက်ရှင်ဝင်းမှ ငလျင်ဘေးသင့် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၇၈ ဦး၊ ကလေး ၁၂ ဦး၊ စုစုပေါင်း ၁၁၃ဦးတို့ကို သွေးပေါင်ချိန်ခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးခြင်းများ ဆောင်ရွက်ပေး၍ ဆေးကုသပေးခဲ့ကာ ဆေးများ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

**တောင်တွင်းကြီး စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်မိုမိုဇင်က သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး သဘာဝဘေးအန္တရာယ် ကိုးမျိုးရှိကြောင်း၊ မုန်တိုင်းဘေးအသိပညာပေးအကြောင်းအရာများ၊ မုန်တိုင်းနှင့် ပတ်သက်ပြီး အရောင်ငါးရောင်ရှိကြောင်း၊ သဘာဝကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသော ဘေးအန္တရာယ်များ၊ လိုက်နာဆောင်ရွက်ရန်၊ သတိပြုရန်၊ ရှောင်ရှားရန် အချက်များကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကာ အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ဆုမြတ်မွန်နှင့် တက်ရောက်လာကြသူများက တောင်တွင်းကြီးမြို့နယ်အတွင်းဖြစ်ပွားမှုအများဆုံးရှိသည့် သဘာဝ ဘေးအန္တရာယ်များအကြောင်း ဆွေးနွေးပြောကြားကြသည်။

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်ပြင် (၂) မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင် (မိဿနိုးမြေ)

၀-၀-၀-၀-၀-၀-၀



# ကျေးရွာတွင်းလမ်း မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး



**ညောင်ဦး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာစီမံကိန်း (SmartVillage) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မင်းနန်သူကျေးရွာ၌ ကျေးရွာတွင်းလမ်းတွင် မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်း အဆင့်မြင့်တင် ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ မင်းနန်သူကျေးရွာ၌ ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village )မှ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျေးရွာတွင်းလမ်း မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီ ဆောင်ရွက်ပြီးစီးရေး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ မင်းနန်သူကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၆၆၀အား အကျယ် ၁၂ ပေ၊ အမြင့် ထုနှစ်ပေ ကိုးလက်မ မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village )၀၉ ဒသမ ၅ သန်း အသုံးပြု၍ ဌာနမှ တာဝန်ယူပြီး ယခုနှစ် ဩဂုတ် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးထံမှ သိရသည်။

(၄၄၅)

# တောင်သူများအား မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ပေးခြင်းကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစန်းသော်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ နှမ်းတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းတို့ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးမှာဖြစ်ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသော ကျေးရွာတောင်သူများကို သီးနှံအာမခံထားရှိရေး၊ စည်းရုံးရှင်းလင်းခြင်းနှင့် ကျေးရွာတောင်သူများကို ချေးငွေထုတ်ချေးသည့်စာချုပ်ပါ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးရာတွင် ယခင် စိုက်ပျိုးစရိတ်ချေးငွေများ ပေးဆပ်ပြီးသူများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး ညံတောအင်းကျေးရွာအုပ်စု၊ ငန်းပြားကျေးရွာအုပ်စုမှ တောင်သူ ၁၀၆ ဦး၏ အခြားသီးနှံဧက ၅၇၃ ဧက၊ စပါး၉၈ဧကအတွက် ချေးငွေကျပ် ၇၂၀ ဒသမ ၀၀သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



# သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ပွဲ ပြုလုပ်

**အမရပူရ စက်တင်ဘာ ၁၆**

မန္တလေး၊အမရပူရမြို့နယ်၊ ဆင်ဘိုးကျေးရွာရှိ ကွင်းအမှတ် ၅၆၇ (က)၊ ဦးပိုင်အမှတ် ၃၄/၁၄၀၊ တောင်သူ ဒေါ်သီတာအေး၏ လယ်မြေ တစ်ဧကပေါ်တွင် စိုက်ပျိုးထားသော အောင်နိုင်တိုးစပါးစိုက်ကွင်းအတွင်း ယမန်နေ့ နံနက် ၈ နာရီက အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ် ကြဲပက်ပွဲသို့ အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနဦးစီးအရာရှိ၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ခံက တက်ရောက်လာသော တောင်သူများအား သဘာဝမြေသြဇာလက်တွေ့ပြုလုပ်နည်းနှင့် ပြုလုပ်ပြီး သဘာဝမြေသြဇာနှင့် ပုလဲဓာတ်မြေသြဇာတို့ကို လက်တွေ့ရောစပ်ပြသခဲ့ပြီး ရောစပ်ပြီး မြေသြဇာများကို အဆိုပါ လယ်မြေ၌ လက်တွေ့ကြဲပက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၈၄)

၀-၀-၀-၀-၀-၀-၀



# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ပြင်ပမှာ လေ့ကျင့်ခန်းလုပ်ခြင်းရဲ့ အကျိုးကျေးဇူးများ



အားကစားခန်းမတွေ (Gym) တွေမှာ သွားကစားဖို့အချိန်မပေးနိုင်၊ သွားဖို့အဆင်မပြေ၊ ငွေမကုန်ချင်တဲ့သူတွေအတွက် ကိုယ့်နဲ့ ပတ်ဝန်းကျင်ပြင်ပမှာ (Outdoor Workout) လေ့ကျင့်ခန်းတွေ ပြုလုပ်နိုင်ပါတယ်။ အပြင်ထွက်ပြီး (Outdoor Workout) လေ့ကျင့်ခန်းလုပ်ခြင်းအားဖြင့် အကျိုးကျေးဇူးတွေအများကြီး ရရှိနိုင်ပါတယ်။

လေ့လာတွေ့ရှိချက်တွေအရ အပြင်ဘက်မှာ လေ့ကျင့်ခန်း (Outdoor Workout) လုပ်ခြင်းဟာ သွေးဖိအားနဲ့ နှလုံးခုန်နှုန်းကို လျှော့ကျစေတယ်လို့ဆိုပါတယ်။ (Outdoor Workout) ဟာ လေ့ကျင့်ခန်းလုပ်တာချင်းအတူတူ အခန်းထဲမှာ လုပ်ဆောင်တာထက် စွမ်းဆောင်ရည် ပိုတက်စေနိုင်ပါတယ်။ အားကစားခန်းမတွေမှာ လူအများကြီးနဲ့တိုးဝှေ့ပြီး လေ့ကျင့်ခန်းတွေ လုပ်နေတာထက်စာရင် ပြင်ပမှာ လွတ်လွတ်လပ်လပ်နဲ့ လေကောင်းလေသန့်ရှူရင်း အားကစားလုပ်တာက ပိုပြီးလန်းဆန်းတက်ကြွစေပါတယ်။

ညဘက်အိပ်မပျော်တဲ့ရောဂါရနေရင် Outdoor Workout လေ့ကျင့်ခန်းလုပ်ခြင်းက လေကောင်းလေသန့် ရှူရှိုက်ရင်းနဲ့ ပြင်ပရှုခင်းတွေကြည့်ပြီး လေ့ကျင့်ခန်းလုပ်တာက အိပ်မပျော်ခြင်းဝေဒနာကို သက်သာစေပါတယ်။ လေ့ကျင့်ခန်းလုပ်ခြင်းနဲ့ သန့်ရှင်းလတ်ဆတ်တဲ့လေကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေပြီး အိပ်ရေးဝ ရွှင်လန်းစေပါတယ်။ နံနက်ခင်း အပြင်မှာလေ့ကျင့်ခန်းလုပ်ပေးခြင်းအားဖြင့် နေရောင်ခြည်ကနေ လူ့ခန္ဓာကိုယ်ရဲ့အရိုးအဆစ်နဲ့ စိတ်ခံစားချက်တွေကို အထောက်အကူပြုတဲ့ ဗိုက်တာမင်ဒီကို ရရှိစေပါတယ်။ နံနက် ၉ နာရီနောက်ပိုင်းမှာ နေပူချိန်မြင့်လာတာကြောင့် အပြင်ထွက်လေ့ကျင့်ခန်းလုပ်ခြင်းကို ရှောင်ရှားဖို့လိုပါတယ်။ အပြင်မှာ လေ့ကျင့်ခန်းလုပ်တဲ့အခါ ပန်းခြံ၊ ကန်ပေါင်နဲ့ မြက်ခင်းပြင်တွေပေါ်မှာ လုပ်ဆောင်ကြတာဖြစ်လို့ သဘာဝထဲက မြင်ကွင်းတွေကို တွေ့မြင်ခံစားနေရမှာဖြစ်တဲ့အပြင် သဘာဝကပေးတဲ့စွမ်းအင်တွေကြောင့် စိတ်ကြည်လင်လန်းဆန်းစေပါတယ်။ **Daisy**



## ဗီတာမင် အီး (Vitamin E) နှင့် ကျန်းမာရေး

ဗီတာမင်အီးသည် ခန္ဓာကိုယ်ထဲကို ဘက်တီးရီးယားပိုးမွှားများ၊ ဗိုင်းရပ်စ်ပိုးများ အလွယ်တကူဝင်ရောက်မလာအောင် ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပါတယ်။ သွေးကြောများကို ကျယ်စေပြီး သွေးခဲခြင်းကို တားဆီးပေးပါတယ်။ ဒါ့အပြင် ဗီတာမင်အီးဟာ အခြားသောအရေးကြီးတဲ့ လုပ်ငန်းဆောင်တာများကိုလည်း လုပ်ဆောင်ပေးနေပါတယ်။

ဗီတာမင်အီး လုံလောက်စွာရနေစေဖို့ နေကြာစေ့၊ မြေပဲ၊ ဗာဒံစေ့၊ အခွံမာသီး၊ အဆန်များ၊ အစိမ်းရင့်ရောင် အသီးအရွက်များ(ဟင်းနုနယ်ရွက်၊ ဘရိုကိုလီ)၊ ပေါင်မုန့်၊ ကွေကာအုပ်၊ ပဲအမျိုးမျိုး၊ သံလွင်ဆီ၊ နေကြာဆီ၊ နှမ်းဆီ၊ ဟင်းရွက်အဆီ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဂျုံတို့မှာ ကြွယ်ဝစွာပါဝင်ပါတယ်။ ဗီတာမင်အီးရဲ့ အကျိုးကျေးဇူးများကတော့ နေရောင်ခြည်ကြောင့် ပျက်စီးသွားတဲ့ အသားအရေများကို ပြန်လည်ကောင်းမွန်စေကာ အသားအရေစိုပြည်တင်းရင်းစေပြီး အရေပြားခြောက်သွေ့ခြင်းကို ကာကွယ်ကာ အစိုဓာတ်ကိုထိန်းပေးပါတယ်။ ဗီတာမင်အီးဟာ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ အသားအရေတွန့်ခြင်းကို ကာကွယ်ပေးတဲ့အပြင် ဝက်ခြံ၊ အမာရွတ်၊ အမည်းစက်တွေ သက်သာလျော့ပါးစေပြီး ခြေသည်းလက်သည်းနဲ့ ဆံသားကျန်းမာရေးကောင်းမွန်စေပါတယ်။ ဒါ့အပြင် အမြင်အာရုံကို ကောင်းစေပြီး အသက်အရွယ်ကြီးသောအခါတွင် ဖြစ်တတ်သော ရေတိမ်စွဲခြင်း၊ အတွင်းတိမ်ဖြစ်ပေါ်ခြင်းကို ကာကွယ်ပေးပါတယ်။

အယ်လ်ဇိုင်းမားရောဂါဟုခေါ်သော အသက်အရွယ်ကြီးသူများမှာခံစားရတဲ့ မှတ်ဉာဏ်ချို့ယွင်းခြင်း ဝေဒနာကို သက်သာစေပြီး ကိုယ်ခံအားစနစ်ကို မြင့်မားလာစေပါတယ်။ အမျိုးသမီးများတွင် ဓမ္မတာမလာမီနှင့် ဓမ္မတာလာချိန်များတွင် ခံစားရသောဝေဒနာများကို သက်သာစေပြီး သွေးနီဥများထုတ်လုပ်ခြင်းကို ပိုမိုကောင်းမွန်စေသလို မျိုးဆက်ပွားကျန်းမာရေးတို့တွင် အထောက်အကူပြုပါတယ်။

သွေးခဲခြင်းကို တားဆီးပေးပြီး သွေးလည်ပတ်မှု အားကောင်းစေတဲ့အပြင် အနာကျက်မှုကို မြန်စေပါတယ်။ ကိုလက်စထရောကို ကျစေပြီး နှလုံးရောဂါနှင့် ကင်ဆာရောဂါများ ဖြစ်ပွားမှုနှုန်းကို လျှော့ချပေးပါတယ်။ **(Credit to internet)**

## ယောက်ျားလေးတစ်ယောက်အနေနဲ့ ရှိထားသင့်တဲ့ဘောင်းဘီ လေးမျိုး

Pants တွေကို ဝယ်မယ်ဆိုရင် သွားမယ့်နေရာနဲ့ ကိုယ့်အလုပ်ပေါ်လိုက်ပြီး မတူတာလေးတွေ ဝယ်ထားသင့်ပါတယ်။ သင့်မှာ Jeans Pant တစ်မျိုးတည်းပဲ ဝယ်ထားတယ်ဆိုရင်တော့ သိပ်အဆင်ပြေမှာ မဟုတ်ပါဘူး။ ဘောင်းဘီအမျိုးအစားမတူတာလေးတွေ ဝယ်ထားမယ်ဆိုရင်တော့ သွားချင်တဲ့နေရာပေါ်ကြည့်ပြီး သင့်ရာလေးကောက်ဝတ်လိုက်ရုံပါပဲ။

ယောက်ျားလေးတစ်ယောက်အနေနဲ့ ရှိထားသင့်တဲ့ ဘောင်းဘီလေးမျိုးကို ဖော်ပြလိုက်ပါတယ်။

(၁) Classic Blue Jeans

Classic Blue Jeans တွေကတော့ ယောက်ျားလေးတိုင်းရဲ့ သူငယ်ချင်းပါ။ အရောင်နဲ့ အသားက ယောက်ျားလေးတွေအတွက် ဝတ်ရတာ အကြမ်းခံနိုင်ပြီး ဝတ်လို့လည်း ကောင်းပါတယ်။ Jeans ရဲ့ အားသာချက်က တစ်ထည်ကောင်းရှိရင်ကို ၃-၄ နှစ်တော့ ပြန်လှည့်ကြည့်စရာ မလိုပါဘူး။

(၂) Chino Pants

သပ်သပ်ရပ်ရပ်နဲ့ အလုပ်ခွင်ဝတ်စုံဝတ်ရင် Chino Pants တွေကို စဉ်းစားသင့်ပါတယ်။ အရောင်အနေနဲ့ ရွေးသင့်တာကတော့ ကာကီရောင်နဲ့ မီးခိုးရောင် ကာလာတွေပဲ ဖြစ်ပါတယ်။

(၃) Trousers

ချည်သားဘောင်းဘီတွေကို Dress Pants တွေလို့ လူသိများပါတယ်။ Formal ဝတ်ရတာဖြစ်ပြီး ချည်သားဖြစ်လို့ ပေါ့ပါးပြီး ဝတ်ရတာ အေးပါတယ်။

(၄) Sweat Pants

Sweat Pants တွေကတော့ Gym မှာပဲ ဝတ်ဝတ် ရုံးအားလို့ သူငယ်ချင်းတွေနဲ့ အပြင်သွားတဲ့အခါတွေမှာ ဝတ်ဖို့ အကောင်းဆုံးဖက်ရှင်ပါ။ ခေတ်ဆန်ပြီး သက်သောင့်သက်သာရှိခြင်းက Sweat Pants တွေရဲ့ အမှတ်လက္ခဏာတစ်ခု ဖြစ်ပါတယ်။

**(Credit to internet)**





## တင်းတိပ်အကြောင်း သိကောင်းစရာ

တင်းတိပ်ဆိုတာ အသက်ကြီးလာသူများ၊ ဟော်မုန်းပြောင်းလဲသူများ၊ နေရောင်ဒဏ်ခံရသူများမှာ အများဆုံးဖြစ်တတ်ပါတယ်။ ဘာမှ ဘေးမဖြစ်စေတတ်ပေမယ့် အတော်များများကတော့ အလှပျက်တယ်ဆိုပြီး စိတ်ညစ်တတ်ကြပါတယ်။ တင်းတိပ်ဟာ ညိုညစ်ညစ်အရောင်ရှိပြီး မှဲ့ခြောက်တွေနဲ့ တူပါတယ်။

ဘာကြောင့်တင်းတိပ်တွေ ပေါ်လာရသလဲဆိုရင် အသားအရေကို နေရောင်ခြည် UV တွေကနေ ကာကွယ်ပေးထားတဲ့ မယ်လနင်ရောင်ခြည်တွေ စုစုစည်းစည်း အများကြီးထွက်လာတာကြောင့် ပေါ်လာတာပါ။ များသောအားဖြင့် - မျက်နှာ၊ လက်ခုံ၊ ပခုံး၊ နောက်ကျော၊ လက်မောင်းတွေမှာ ဖြစ်တတ်ပါတယ်။ တစ်ခုချင်းစီ ဖြစ်နိုင်သလို အစုလိုက်လည်း ပေါ်တတ်တယ်။ တစ်ခုနဲ့တစ်ခု ပုံသဏ္ဌာန်၊ အရွယ်အစားတော့ မတူနိုင်ပါဘူး။ အသက် ၄၀ ကျော်တွေမှာ ပိုတွေ့ရတတ်ပေမယ့် နေရောင်ခံတာများတဲ့ လူငယ်တွေမှာလည်း ဖြစ်နိုင်ပါတယ်။ တင်းတိပ်ကို ဒီအတိုင်းကြည့်လည်း သိနိုင်သလို တစ်ခါတလေ အရေပြားကြည့်မှန်ပြောင်းနဲ့ ကြည့်ဖို့လိုပါတယ်။ တစ်ခါတလေ Melanoma လို့ခေါ်တဲ့ မှဲ့ကင်ဆာနဲ့ ခွဲရခက်တတ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ အရေပြား အသားစယူပြီး စစ်ဆေးဖို့လိုတယ်။ ကုသနိုင်တဲ့ နည်းလမ်းတွေကတော့ ဘာအန္တရာယ်မှမရှိလို့ မကုလည်းရပေမယ့် ဆရာဝန်နဲ့ပြပြီး ကင်ဆာ ဟုတ်၊ မဟုတ်ကို သေချာအောင် ခွဲဖို့လိုပါတယ်။ အလှပျက်လို့ ပျောက်ချင်တယ်ဆိုရင်တော့ နည်းအမျိုးမျိုးရှိပါတယ်။ လိမ်းဆေးတွေက အညိုကွက်ကို အရောင်ဖျော့သွားစေပေမယ့် မာကျူရီပါတဲ့ဆေးမျိုးကို မလိမ်းမိဖို့ သတိထားပါ။

Retinoid ဗီတာမင်အေမျိုးနွယ်ဆေးတွေ၊ စတီးရွိုက်လိမ်းဆေး၊ hydroquinone ဆေးတွေကို လိမ်းပေးလို့ရပါတယ်။ ဖြည်းဖြည်းချင်း အရောင်ဖျော့သွားစေပေမယ့် တစ်ခါတလေ အရေပြားယားယံတာ စားတာတွေဖြစ်စေနိုင်တာကို သတိပြုရပါမယ်။ အိမ်တွင်းနည်းလမ်းတွေကတော့ ရှားစောင်းလက်ပပ်၊ ကြက်သွန်နီ အနီရောင်၊ သစ်ခွဆီ၊ Azelaic အက်ဆစ်၊ ဗီတာမင်အီး၊ ဗီတာမင်စီ၊ AHA ဓာတ်၊ ကော့ပါးကလိုရိုဖိုင်လင်းတွေကို လိမ်းပေးလို့ရပါတယ်။ နေရောင်ထဲထွက်ရင် နေရောင်ကာ ၃၀ ပါတဲ့ခရင်မ်ကို လိမ်းပေးပါ။ ရေစိုခံပြီး ခရမ်းလွန်ရောင်ခြည် အေရော ဘီပါ ကာကွယ်နိုင်ပါစေ။ အပြင်မထွက်ခင် မိနစ် ၃၀ လောက်ကြိုပြီး လိမ်းပေးပါ။ နှစ်နာရီခြားတစ်ခါ၊ ချွေးထွက်များပြီးချိန်၊ ရေစိုသွားချိန်တွေမှာ ပြန်လိမ်းပေးဖို့ လိုတယ်။ ဦးထုပ်၊ လက်ရှည်၊ ဘောင်းဘီရှည်၊ နေကာမျက်မှန်တွေ ဆောင်သွားပေးဖို့ လိုပါတယ်။ နံနက် ၁၀ နာရီနဲ့ မွန်းလွဲ ၂ နာရီကြားဟာ အပူဆုံးအချိန်တွေဖြစ်လို့ ဖြစ်နိုင်ရင် အပြင်ထွက်တာ ရှောင်ပေးပါ။

နှုတ်ခမ်းကိုလည်း နေရောင်ကာ ၃၀နဲ့အထက်ပါတဲ့ အဆီလိမ်းပေးသင့်ပါတယ်။ နေရောင်ထဲ ကြာကြာကားမောင်းတာ၊ ပန်းပင်စိုက်တာမျိုးအတွက် လက်အိတ်ရှည်စွပ်ပေးပါ။ ရေထဲ၊ နှင်းထဲ၊ သဲထဲသွားရင် သေချာဂရုစိုက်ပါ။ နေရောင်ကာပေးနိုင်တဲ့ အဝတ်အစားတွေဝတ်ပေးမယ်ဆိုရင် တင်းတိပ်တွေကို ကာကွယ်ပေးနိုင်သလို နေရောင်ကြောင့် အိုမင်းရင့်ရော်ခြင်းကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ **(Credit to internet)**

# အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်



**ကျောက်တလုံးကြီး စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများကို လစဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက အခြေခံပညာ မူလတန်းကျောင်း ထီပုန်းတွင် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်၊ စာစောင်ပြပွဲများ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်တလုံးကြီးမြို့ရုံးမှ မြို့ဦးစီးမှူး ဒေါ်သန္တာဝင်းက နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး လူကုန်ကူးမှု၏အဓိပ္ပာယ်၊ လူကုန်ကူးမှုခံရခြင်းမှကင်းဝေးစေရန် သတိထားသင့်သည့်အချက်များ၊ သတိပြုရမည့်သူများ၊လူကုန်ကူးမှုကျူးလွန်သူများ ချမှတ်ခံရမည့်ပြစ်ဒဏ်များ၊ လူကုန်ကူးမှုအမျိုးအစားများစသည့် အကြောင်းအရာများကို ပညာပေးဟောပြောခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများအား စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် စာအုပ်ပြပွဲနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ကို ပြသထားရာ ကျောင်းသား၊ကျောင်းသူများက လေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူထုအခြေပြုဗဟိုဌာန၌ ဉာဏ်စမ်းပြိုင်ပွဲ ပြုလုပ်

**တာလေ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ စက်တင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ဉာဏ်စမ်းပြိုင်ပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းပြိုင်ပွဲကျင်းပရာ ကျောင်းသားလူငယ် ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားလူငယ်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်နှင့် ပြိုင်ပွဲဝင်ကလေးများအား အာဟာရဖြည့်မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





# လူထုအခြေပြုဗဟိုဌာနတွင် စာကြည့်တိုက်ပညာ သင်တန်းဖွင့်လှစ်

**ဂန့်ဂေါ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ဌာနဆိုင်ရာရုံးများနှင့် ကျောင်းစာကြည့်တိုက်များ စနစ်တကျရှိစေရေး၊ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာကြည့်တိုက်ပညာထိန်းသိမ်းခြင်းကို တတ်သိနားလည်စေရန် ရည်ရွယ်၍ စာကြည့်တိုက်ပညာသင်တန်းကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က စာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်၊ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးနှင့် ဒုတိယဦးစီးမှူး ဒေါ်သူဇာဝင်းတို့က စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေးကဏ္ဍ၊ စာစုလုပ်ငန်း၊ မျိုးတူစုလုပ်ငန်း၊မျိုးတူစုလုပ်ငန်းလက်တွေ့ဆောင်ရွက်ခြင်းနှင့် စာပေပစ္စည်းထိန်းသိမ်းခြင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ စာကြည့်တိုက်ပညာသင်တန်းသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများ စုစုပေါင်း ၂၂ ဦး တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ၅ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)ခရိုင်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ပညာရွှေအိုး လူမခိုး

* အနာဂတ် လှဖို့ရာ
မြတ်ပညာ သင်ယူမှ
တို့လူငယ် သတိကပ်လို့
သိမှတ်ဖွယ် ပ။

* ပညာရယ် အလင်းတံခါး
စွမ်းအားက မြင့်တင်ရန်
နေလပမာ ရောင်ခြည်ရွှမ်းလို့
ထွန်းတောက် စေနိ။

* လေ့လာဖတ်မှတ် မြတ်စာပေ
ဖိုးတန်ပေ အကျိုးများ
ဂုဏ်သိက္ခာ ဗဟုသုတတို့
ရဖို့ ကြိုးစား။

* ပညာရွှေအိုး လူမခိုးအမှန်
တန်ခိုးထွားရန် စံတင်လှမ်း
အောင်ပွဲဆီ ဘဝအတွက်မို့
ထက်မြက်သည့် နန်း ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

# အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်းတွင်လူငယ်စကားဝိုင်း ပြုလုပ်

**မန္တလေး စက်တင်ဘာ ၁၆**

အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အောင်မြေသာစံမြို့နယ်နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၉ နာရီခွဲက အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စံပယ်က လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

လူငယ်စကားဝိုင်းတွင် မောင်ဟန်ဇာနည်စိုးက လူငယ်နှင့်ပညာရေး၊ မောင်မင်းခန့်ကျော်က လူငယ်နှင့် အားကစား၊ မရှင်းလဲ့လဲ့သန့်က လူငယ်နှင့်ကျန်းမာရေး၊ မနှင်းဝေလွှာက လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ မမေသီတာကျော်က လူငယ်နှင့်လူကုန်ကူးမှုအန္တရာယ်၊ မကေသီရှင်းသန့်က လူငယ်နှင့် အားလပ်ချိန်အသုံးချမှု၊ မောင်အံ့ချမ်းသိုက်က လူငယ်နှင့်ပြည်သူ့နီတိ၊ မသီရိမိုးဆက်က လူငယ်နှင့် ဆိုရှယ်မီဒီယာစသည့် ခေါင်းစဉ်ရှစ်မျိုးဖြင့် ဆွေးနွေးကြသည်။

လူငယ်စကားဝိုင်းနှင့်ပတ်သက်၍ ကျောင်းသား၊ကျောင်းသူလေးများက သိရှိလိုသည့် အချက်များကို မေးမြန်းခဲ့ရာ ဒေါ်စံပယ်က ပြန်လည်ဖြေကြားခဲ့ပြီး အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုအောင်က ကျေးဇူးတင်စကား ပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသားလူငယ်များအား အသိပညာဗဟုသုတများ ပြည့်စုံစေရန်အတွက် လေ့လာရန် သုတ၊ ရသစာအုပ်များကို ခင်းကျင်းပြသခြင်း၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **(ဝ၉၃)**





## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက် ၇နာရီက ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အသုံးပြုမှု လျှော့ချရေးအတွက် အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(အပေါ်ပုံ)

နောင်နောင်(မိဿနိုးမြေ)

## တရားမဝင်ယစ်မျိုးများ ရောင်းချမှုမရှိစေရေး စစ်ဆေးဆောင်ရွက်

**မင်းဘူး စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်သည့် စိစစ်ကြီးကြပ်ရေးအဖွဲ့က ယစ်မျိုး လက်လီ၊ လက်ကား ရောင်းချသော ဆိုင်များတွင် တရားမဝင် ယစ်မျိုးများ ရောင်းချမှုမရှိစေရေး စစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်၊ မြို့နယ်အခွန်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သည့် စိစစ်ကြီးကြပ်ရေးအဖွဲ့က မြို့နယ်အတွင်းရှိ ယစ်မျိုး လက်လီ၊ လက်ကား ရောင်းချသောဆိုင်များ၌ လိုင်စင်မဲ့ရောင်းချခြင်း၊ တရားမဝင်သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းများ မရှိစေရန်နှင့် ပြည်တွင်းကုန်ပစ္စည်း သယ်ဆောင်ရာတွင် အခွန်ပေးဆောင်ထားရှိမှု အခြေအနေနှင့် အရက်၊ ဘီယာ ကုန်ပစ္စည်းများတွင် Tax Paid ကပ်ထားမှုရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၅၀၄)



## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ရက်နှင့် ၁၃ရက်တို့တွင် ဟုမ္မလင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးနှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုးတို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်၌ တရားမဝင်ကျွန်းသစ် ၂၄ ဒသမ ၀၃၃တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၃ရက်တွင် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇မျိုးနှင့် တရားမဝင်ပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Scania Bus တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် စက်တင်ဘာ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် သတင်းအရသက်သေများနှင့်အတူ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ ဟက်ကာကျေးရွာနေ မအားထင်(ခ)ရှောက်လန် ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မအားထင်(ခ)ရှောက်လန်(၃၀)နှစ်ဆိုသူအား လားရှိုးနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**ဘီးလင်း စက်တင်ဘာ ၁၆**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၂ ရက်က ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ ကန်သာယာရပ်ကွက်နေ မျိုးကျော်လင်း(၄၄)နှစ်၊ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ မြေနီကုန်းကျေးရွာနေ ပိုပို(၃၄)နှစ်နှင့် ပေါင်မြို့နယ်၊ သဲကုန်းကျေးရွာမြောက်ပိုင်းနေ စိုးထက်နိုင်(ခ)ဝှမ်းဝှမ်း(၂၆)နှစ်၊ မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ ဇေယျာသီရိရပ်ကွက်နေ အိသက်ဖြိုး(၃၀)နှစ်နှင့် ကျိုက်ထိုမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ လက်ပြကျေးရွာနေ လင်းရန်နိုင်(၁၈)နှစ်တို့အား လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့်အတူ အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် မျိုးကျော်လင်းပါ ငါးဦးအား သက်ဆိုင်ရာရဲစခန်းများ၌ အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက် ည ၁၀ နာရီ ၅ မိနစ်တွင် သက်သေများနှင့်အတူ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မကျန်စုချိန် ဆိုသူထံမှ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၄၉၀၀၊ ဘိန်းဆီခဲ အလေးချိန် ၇၉၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မကျန်စုချိန်(၅၇)နှစ်ဆိုသူအား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# ကာတွန်းမော်ရုံထဲက နဂါးလေး(အမရပူရ)

ခိုင်ခန့်(အမရပူရ)

လွန်ခဲ့သော နှစ်အနည်းငယ်က တောင်သမန်မယ်ဇယ်လွင်ပြင်ရှိ ရှိုင်း-၃ လက်ဖက်ရည်ဆိုင်တွင် ဆရာလူပြာထက်က လူတစ်ဦးနှင့် မိတ်ဆက်ပေးလေ၏။ ထိုသူကား ဆံပင်ဖြူကြောင်ကျား၊ နှားကားကားနှင့် ရယ်စရာအလွန်ပြောသူတစ်ဦးပါပေ။ ထိုသူကား လက်ထဲတွင် ရေးဆွဲလက်စ ကာတွန်းပုံအသစ်များ အမြဲပါလေသူ ဆရာ ကာတွန်းနဂါးလေး(အမရပူရ) ဖြစ်လေသည်။

သူ၏အမည်မှာ 'မင်းမောင်မောင်'ဟုခေါ်သည်။ အမရပူရမြို့၊ ကွမ်းဆွဲရပ်တွင် နေထိုင်လျက်ရှိပြီး အသက် (၇၀)နှစ်နီးချိန်အထိတိုင် သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် တစ်ကွက်ကောင်းကာတွန်းများ ရေးဆွဲပေးပို့လျက်ပင်ရှိသေးသည်ဟု ဦးမောင်မောင်က ပြောပြသည်။

ဦးမောင်မောင်တစ်ယောက် ကာတွန်းရုပ်လေးများနှင့် စတင်သိကျွမ်းဝင်ခဲ့ရသည်မှာ သူ ငါးတန်းကျောင်းသားဘဝ အမရပူရမြို့ စိန့်ပီတာကျောင်းခေါ် အ-လ-ကတွင် ပညာသင်ယူစဉ်က ကျောင်းစာကြည့်တိုက်ရှိ ရွှေသွေးဂျာနယ်လေးများမှ စတင်ခဲ့သည်ဟု ဆိုသည်။ ကာတွန်းရုပ်ပုံလေးများက သူ့စိတ်ကို မည်မျှအထိဆွဲဆောင်ခဲ့သည်ဆိုလျှင် ရွှေသွေးဂျာနယ်များကို တစ်စောင်လျှင် (၂၅)ပြားနှင့် ကိုယ်ပိုင်ဝယ်ယူစုဆောင်းခဲ့ပြီး ကာတွန်းပုံများကို အတုယူရေးဆွဲဖြစ်ကြောင်း ဦးမောင်မောင်က ပြောပြသည်။

ဦးမောင်မောင်တစ်ယောက် ငါးတန်းတွင် ပညာသင်ယူနေစဉ်တစ်ခုသော ကာယချိန်တွင် ဆရာမ ဒေါ်တုတ်တုတ်မှ ကျောင်းသူ၊ ကျောင်းသားများအတွက် 'ဟိုက်ဂျင်း'တရားမှာ အလွန်အရေးကြီးကြောင်း၊ အထူးသဖြင့် ကျောင်းသူအမျိုးသမီးများအတွက် မရှိမဖြစ်လိုအပ်ကြောင်း ပြောကြားသွန်သင်အပြီး အတန်းအား 'ကလေးတို့ မိန်းကလေးတွေအတွက် မရှိမဖြစ်ဆုံးအရာဟာဘာလဲ'ဟု ဆရာမ ဒေါ်တုတ်တုတ်မှ မေးလိုက်ရာ ခေတ်အမြင်ခေတ်အတွေးရှိသော မင်းမောင်မောင်မှ ထိုအချိန်က ခေါက်ထီးပေါ်ကာစ ခေါက်ထီးခေတ်စားနေချိန် မိန်းကလေးများ၏ ခေါက်ထီးကိုင်ဖက်ရှင်ကို သတိရလိုက်မိကာ ရုတ်တရက်ထပြီး 'ခေါက်ထီးပါ ဆရာမ'ဟုပြောလိုက်ရာ တစ်တန်းလုံး‥ အံ့သြမှင်တက်မိသွားသည်။ ထိုအချိန်တွင် ဆရာမက နှစ်ခြိုက်စွာရယ်မောပြီး 'မင်းမောင်မောင်-မင်းဟာ ဟာသဉာဏ်ရှိတယ်၊ ခေတ်အမြင်၊ ခေတ်အတွေးလည်း ရှိတယ်၊ ကာတွန်းရုပ်ပုံလေးတွေလည်းဆွဲတတ်တယ်၊ မင်းတစ်နေ့ အောင်မြင်တဲ့ ကာတွန်းဆရာဖြစ်မှာကွဲ့' လို့ ပြောလိုက်တဲ့ အသံဟာ မင်းမောင်မောင်ရဲ့ နှလုံးသားထဲစိမ့်ဝင်သွားခဲ့လေပြီ။ ထိုနေ့မှစ၍ ကာတွန်းဆရာဖြစ်လိုသော ဆန္ဒများ တဖွားဖွားပေါ်လာခဲ့သည်ဟုဆိုကာ အံ့ဒီနေ့ကတည်းကစပြီး ကြီးပွားချမ်းသာရေးနဲ့ လွဲခဲ့တော့တာပဲဟု ဦးမောင်မောင်က ပြောပြရင်း တဟားဟားနှင့် ရယ်လေသည်။

ကာတွန်းဆရာဖြစ်လိုသော ဆန္ဒများပြင်းပြနေချိန် သူခုနစ်တန်းကျောင်းသားအဖြစ်သို့ ရောက်သောအခါ နာမည်ကျော် 'မိ၊ မော်၊ မေ၊ မ'ကာတွန်းများ၏ ဖန်ဆင်းရှင်ဆရာကြီး 'ကာတွန်းဝင်းမောင်'ထံတွင် မိဘများမသိစေဘဲ စာပေးစာယူ သင်တန်းကို တက်ရောက်ခဲ့ပြီး ကာတွန်းပုံရေးဆွဲနည်းကို သင်ယူခဲ့ကြောင်းကိုလည်း ပြောပြသည်။ သူကိုးတန်း၊ ဆယ်တန်းနှစ်များတွင် အမရပူရမြို့ နေရှင်နယ်ကျောင်းခေါ် အ-ထ-ကသို့ ပြောင်းရွှေ့ခဲ့ရာ ထိုကျောင်းမှ ၁၉၇၉ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့ပြီး မန္တလေးဒေသကောလိပ်သို့ တက်ရောက်ဖြစ်ပုံ၊ ကာတွန်းများ စဉ်ဆက်မပြတ် ရေးသားဖြစ်ခဲ့ပုံကိုလည်း စိတ်ဝင်စားဖွယ် ပြောပြခဲ့သည်။

မင်းမောင်မောင်တစ်ယောက် မန္တလေးဒေသကောလိပ်တွင် ကာတွန်း၊ ပန်းချီပြပွဲ (၂)ကြိမ် ဦးဆောင်ကျင်းပနိုင်ခဲ့ပြီး မန္တလေးဒေသကောလိပ် နှစ်လည်မဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ်တွင် အမရပူရမြို့နယ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ် နံရံကပ်ပန်းချီ၊ စာစောင်၊ ကာတွန်းပြပွဲ ပြုလုပ်ခဲ့သည်။ ထိုပြပွဲတွင် မင်းမောင်မောင်အမည်ဖြင့် ကာတွန်း (၄)ပုံ ပြခဲ့ရာ အလွန်လူကြိုက်များသဖြင့် သူ စိတ်ချမ်းသာပျော်ရွှင်ကြောင်း နောင်တွင် ကာတွန်းနဂါးလေး ဖြစ်လာမည်ကို ကြိုတင်မတွေးမိခဲ့ကြောင်းလည်း ပြောပြလေသည်။




ထိုနံရံကပ် ပန်းချီကာတွန်းပြပွဲတွင် ကာတွန်းပုံများကို စိစစ်ရွေးချယ်ရေးတာဝန်ခံ ဆရာ 'ကာတွန်း ပေတလူ'က မင်းမောင်မောင်၏ ကာတွန်းပုံများကို တွေ့မြင်ခဲ့ရာမှ သေသပ်သော ကာတွန်းပုံများကို ခေတ်အမြင် ခေတ်အတွေးဖြင့် တင်ပြထားသည်ကို သဘောကျ၍ မင်းမောင်မောင်ကို ခေါ်ယူတွေ့ဆုံကာ နောင်တွင် ကာတွန်းဆရာတစ်ဦး ဖြစ်လာနိုင်ကြောင်းနှင့် ကလောင်အမည်တစ်ခုရွေးရန် အကြံပြုချက်အရ နဂါးလေးဟူသော ကလောင်အမည်ကို ရွေးချယ်ဖြစ်ခဲ့ပုံကိုလည်း 'ငါက စနေသားလေကွာ၊ စနေနေ့ရဲ့ နံရုပ်က နဂါးပုံပေါ့ကွာ၊ ငါကလည်း နားကားတော့ သူငယ်ချင်းတွေက နဂါးလေး(နားကားလေး)လို့ ခေါ်ခဲ့ကြတာကို အမှတ်ရပြီး နဂါးလေး(အမရပူရ) လို့ ကလောင်အမည်ပေးဖြစ်ခဲ့တာ၊ ကာတွန်းရေးတဲ့ ဆရာ့ရုပ်ကို မြင်လိုက်တာနဲ့ တစ်ခါတည်း နဂါးလေး (နားကားလေး)ဆိုတာ ချက်ချင်း သဘောပေါက်သွားကြတယ်ကွ' ဟု ပြောရင်း တဟားဟား ရယ်လေသည်။

ကာတွန်းရေးဆွဲရာတွင် အခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်ရပုံကိုလည်း ဆက်လက်ပြောပြသည်။ သူ ကာတွန်းရေးဆွဲကြောင်းကို ဖခင်ကြီးက သိရှိသွားသောအခါ ဆူပူမာန်မဲကာ ကာတွန်းဆရာဆိုတာ ဖက်ခွက်စားတစ်မျိုးပဲဟု နှိမ့်ချပြောဆိုခဲ့ကြောင်း၊ သူ၏မိဘများမှာ မြို့မျက်နှာဖုံး အရာရှိကြီးများဖြစ်ကြပြီး တိုက်ကြီးတာကြီးများနှင့် မိသားစုဘဝအေးချမ်းစွာ နေထိုင်ကြသူများဖြစ်၍ ကာတွန်းဆွဲသော အလုပ်ကိုလုပ်လျှင် မကြီးပွားမည်စိုးသောကြောင့် ထိုသို့ ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း စိတ်မကောင်းသော အမူအရာနှင့် ပြောပြသည်။ ထို့အပြင် သူချစ်၍ လက်ထပ်ယူခဲ့သော ဇနီးဖြစ်သူ 'မကြူ'ကလည်း သူ့ကို အလွန်ချစ်ပေမယ့် ကာတွန်းရေးဆွဲမှုကို အားမပေး၊ သဘောမတူခဲ့ကြောင်း ဦးမောင်မောင်မှ ထပ်လောင်းပြောပြသည်။

မည်သို့ပင်ဖြစ်စေ ချမ်းသာခြင်း၊ ဘွဲ့ထူးဂုဏ်ထူးတွေထက် အမည်ရှေ့က 'ကာတွန်း'ဆိုတဲ့ နာမဝိသေသကို ပိုမိုမြတ်နိုးတန်ဖိုးထားမိခဲ့တဲ့ ဆရာနဂါးလေးတစ်ယောက် လမ်းစဉ်သတင်းဂျာနယ်မှ အစပြုပြီး မိုးဝေ၊ သင့်ဘဝ၊ မဟေသီ၊ မြဝတီ၊ သပြေ၊ လုံမလေး၊ စာပေလုပ်သား၊ စတိုင်(လ်)သစ်၊ မနောကြာဖြူ၊ ရွှေဝတ်ရည်၊ ရယ်စရာ၊ ပန်းအလင်္ကာ၊ နှလုံးအိမ်၊ မြို့တော်၊ ဖြစ်ရပ်မှန်၊ မှုခင်းစုံ၊ မှုခင်းရောင်စုံ စသည့် မဂ္ဂဇင်းများတွင် တစ်ကွက်ကောင်းနှင့် ထိထိမိမိကာတွန်းများကို ရေးဆွဲခဲ့လေသည်။

ဆရာနဂါးလေးတစ်ယောက် ဘဝအချိုးအကွေ့တစ်ခုရဲ့ အတက်အကျအနိမ့်အမြင့်တွေကြောင့် သူတို့နေထိုင်ရာ စစ်ကိုင်းစုရပ်ကတိုက်နှင့် ခြံကိုရောင်းချကာ ရန်ကုန်မြို့ကြီးသို့ ပြောင်းရွှေ့ခဲ့ရသည်။ 'ရန်ကုန်မြို့ကြီးမှာကွာ စာပေတိုက်တွေကပေါ်တော့ ကာတွန်းရေးဆွဲတဲ့ အလုပ်ဆက်လုပ်ဖြစ်တာပေါ့၊ ဇနီးမကြူက မနှစ်သက်ပေမယ့် မတားမြစ်ခဲ့ပါဘူး၊ ငါလည်း အခက်အခဲတွေ ဘယ်လိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ကာတွန်းကို ချစ်တဲ့စိတ်က ပျက်ပြယ်မသွားဘဲ ပျော်နေခဲ့တာ'လို့ ဆရာနဂါးလေးက ပြောပြသည်။

ရန်ကုန်မြို့တွင် နှစ်အတော်ကြာနေထိုင်ခဲ့ပြီး အမရပူရမြို့သို့ ပြန်လည်ပြောင်းရွှေ့လာခဲ့ရာမှ ကာတွန်းလောကနှင့် ဆယ်စုနှစ်နီးပါး အဆက်အသွယ်ပြတ်သွားခဲ့ပုံနှင့် ကံဇာတာအနိမ့်ပိုင်းရောက်ချိန်ဖြစ်တဲ့အတွက် Covid-19 (ကိုဗစ်-၁၉)နဲ့ ကြုံတွေ့ချိန် ဇနီးမကြူ ဆုံးပါးသွားခဲ့ကြောင်း၊ ဇနီးကို သတိရလွမ်းသည့် စိတ်များကြောင့် စိတ်ပြေရာရစေဖို့ ကာတွန်းပုံလေးများ ရေးဆွဲပြီးဖြေသိမ့်ခဲ့ရကြောင်း စိတ်မကောင်းစွာ ပြောပြသည်။

ဘဝမှာ အနိမ့်ပိုင်းရှိခဲ့သလို အမြင့်ပိုင်းလည်းရှိခဲ့ကြောင်းကို သူတို့ အမရပူရမှာနေစဉ် သားမှာ ကားအရောင်းအဝယ်လုပ်ငန်းများ အဆင်ပြေလာပြီး သမီးမှာလည်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ အဆင်ပြေလာရာ ဝင်ငွေကောင်းမွန်သော သားနှင့်သမီးတို့၏ လိမ္မာသိတတ်မှုကြောင့် အမရပူရမြို့ ကွမ်းဆွဲရပ်ကွက်တွင် နှစ်ထပ်တိုက် အပြာရောင်တစ်လုံး ဝယ်ပေးခဲ့ရာ 'ကာတွန်းမော်ရုံ'ဟု အမည်ပေးဖြစ်ခဲ့ကြောင်းနှင့် သားသမီးများ၏ တိုက်တွန်းချက်အရ ကာတွန်းပြန်လည်ရေးဆွဲနိုင်ခဲ့ကာ မန္တလေးနေ့စဉ်၊ ရွှေမန္တလေးဂျာနယ်၊ ရတနာပုံနေ့စဉ်နှင့် စံတော်ချိန်နေ့စဉ်တို့တွင် ကာတွန်းများကို စဉ်ဆက်မပြတ်ရေးဆွဲနိုင်သောကြောင့် ပျော်ရွှင်ဝမ်းမြောက်ရကြောင်း ကာတွန်းနဂါးလေးက ပြောပြသည်။

ဘဝမှာ အပျော်ရွှင်ရဆုံး အကြောင်းအရာတစ်ခုမှာ ဆရာကာတွန်းနဂါးလေး အသက် (၇၀)နှစ်ပြည့်ချိန်တွင် သားသမီးများ၏ အားပေးကူညီမှု၊ စာပေနယ်မှ ချစ်မိတ်ဆွေများ၏ အားပေးတိုက်တွန်းမှုကြောင့် 'နားကားသွားမယ်' အမည်နဲ့ သူ့ရဲ့ တစ်ကွက်ကောင်း ကာတွန်းများကိုစုစည်းကာ အမှတ်တရစာအုပ်ထုတ်ဝေမှု မှတ်တိုင်စိုက်ထူနိုင်ခဲ့ပုံကို 'စာရေးဆရာ အယ်ဒီတာဆရာမိုသျှမ်းရဲ့ စီစဉ်ပေးမှုနဲ့ ဆရာမိုသျှမ်းပိုင် ဆောင်းစုရတီစာပေကနေ ထုတ်ဝေဖြစ်ခဲ့တာ' ဒီစာအုပ်လေး အမှတ်တရလက်ဆောင်ပေးပွဲကို နန်းရှေ့စာပေတင်းကုပ်မှာ ပြုလုပ်ခဲ့ကြောင်းနဲ့ ဝမ်းသာကြည်နူးမှုကြောင့် မျက်ရည်များပင်ကျခဲ့ရကြောင်း ဆရာကာတွန်းနဂါးလေးက သည်ပီတိကို ပြန်လည်ဝေမျှပေးခဲ့လေသည်။

တစ်ကယ်တော့ ကာတွန်းနဂါးလေး(အမရပူရ)ဆိုတာ ကာတွန်းပုံလေးများကို အထူးစွဲလမ်းနှစ်သက်စွာ ဖန်တီးရေးဆွဲခဲ့သူ၊ မင်းမောင်မောင်ဘဝမှ ကာတွန်းနဂါးလေး(အမရပူရ) ဖြစ်လာသည်အထိ ကာတွန်းများကို ဘွဲ့ထူးဂုဏ်ထူးများထက်ပို၍ နှစ်သက်မြတ်နိုးတန်ဖိုးထားသူ၊ အမည်ရှေ့မှ 'ကာတွန်း'ဆိုတဲ့ နာမဝိသေသကို ပိုမိုမြတ်နိုးသူ၊ ဦးမောင်မောင်(ခေါ်) ဆရာကာတွန်းနဂါးလေး (အမရပူရ)တစ်ယောက်တော့ဖြင့် ဘဝရဲ့ နောက်ဆုံးစွမ်းဆောင်နိုင်ချိန်အထိ 'ကာတွန်းမော်ရုံတွင် အေးချမ်းစွာနေထိုင်ရင်း' ဝိုင်းစက်သော လက်ရေး၊ သပ်ရပ်သော ရုပ်ပုံကလေးများဖြင့် ခေတ်နှင့်အညီ ထိမိလှသော ကာတွန်းပုံလေးများကို နှစ်ခြိုက်ပျော်ရွှင်စွာ ဆက်လက်ဖန်တီးရေးဆွဲနေဦးမည်သာ။

# မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စားသောက်ကုန်ပစ္စည်းများကို ပြည်သူ့သက်သာဈေး ရောင်းချပေး



**မြစ်သား စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် မြို့မအနောက်ရပ်ကွက်ရှိ မြစ်သားစည်ပင်သာယာဈေးအဝင်ပေါက်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့မှ စားသောက်ကုန်ပစ္စည်းများ ပြည်သူ့သက်သာဈေးရောင်းချခြင်းကို ယမန်နေ့ နံနက် ၇ နာရီက ရောင်းချပေးခဲ့သည်။

ပြည်သူ့သက်သာဈေးရောင်းချရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အခြေခံစားသောက်ကုန်ရောင်းချသည့်လုပ်ငန်းရှင်များသည် ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာရောင်းချပေးရာ ဒေသခံပြည်သူလူထုများက လာရောက်ဝယ်ယူကြသည်။

ထို့သို့ ရောင်းချရာတွင် ဝက်သား တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀၀ ဖြင့် ပိဿာ ၃၀ အားလည်းကောင်း၊ အမဲသားတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် ပိဿာ ၃၀ အားလည်းကောင်း၊ ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ဖြင့် ၁၀ ပိဿာအားလည်းကောင်း၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ ဖြင့် ၁၀ ပိဿာအားလည်းကောင်း၊ ကြက်ဥတစ်လုံး ၄၀၀ ဖြင့် ၁၅၀၀ လုံးအားလည်းကောင်း၊ သုခရှယ်ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၃၀၀ ဖြင့် ဆန် ၄၈ ပြည်အားလည်းကောင်း၊ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၆၁၀ ဖြင့် ၁၁၀ ပိဿာအားလည်းကောင်း၊ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ပိဿာ ၈၀ တို့ကို ရောင်းချပေးခဲ့သည်။

အဆိုပါ ဈေးရောင်းချရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

o-o-o-o-o-o-o



# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြော

**မူဆယ် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ အ.ထ.က(၂)တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါ ကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မူဆယ်မြို့နယ် ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းကျော်ဌေးက မြန်မာနိုင်ငံတွင်ကျရောက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များထဲမှ မီးဘေး၊ ရေဘေး၊ လေဘေး၊ မိုးကြိုးဘေး၊ မြေပြိုဘေး၊ ဆူနာမီဘေးများအကြောင်းကို သရုပ်ပြဗီဒီယိုများဖြင့်ပြသ၍ ဆွေးနွေးဟောပြောခဲ့ပြီး ဦးစီးမှူး ဦးရဲလင်းအောင်က ငလျင်ဘေးအကြောင်းကို ဟောပြောရာတွင် ငလျင်လှုပ်နေချိန်၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဟောပြောဆွေးနွေးခဲ့သည်။ (ဝဲပုံ)

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းကာ ပြန်လည်ဖြေကြားနိုင်သူအား လက်ဆောင်များ ပေးအပ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

o-o-o-o-o-o-o

# တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကျေးသီး စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်တွင် တီဘီလူနာများ ကွင်းဆင်းရှာဖွေကုသခြင်းလုပ်ငန်းကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ဆောင်ရွက်ခဲ့သည်။

ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာန ရှမ်းပြည်နယ်(တောင်ကြီး)မှ ဒေါက်တာအိအိချော ဦးဆောင်သောအဖွဲ့မှ Digital Portable X-Ray စက်ဖြင့် တီဘီရောဂါသံသယလူနာများအား ရင်ခေါင်းဓာတ်မှန်ရိုက်ခြင်း၊ Gene xpert စက်ဖြင့် သလိပ်စစ်ဆေးခြင်း၊ တီဘီဆေးအခမဲ့ကုသခြင်း၊ အထွေထွေရောဂါများကုသခြင်း၊ မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မြတ်ဗိုလ်သူနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ပူးပေါင်းပြီးလိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့သည်။

ကျေးသီးမြို့နယ်တွင် တီဘီရောဂါကွင်းဆင်းရှာဖွေကုသခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၂ရက်မှ ၁၆ ရက်အထိ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# မိုးရာသီကစိုက်ပျိုးသည့် ဆီထွက်သီးနှံနေကြာစိုက်ခင်းများ စတင်သိမ်းဆည်း

**ပွင့်ဖြူ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံနေကြာစိုက်ခင်းများကို ဒေသခံတောင်သူများက စက်တင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခြွေလှေ့လျက်ရှိပြီး တစ်ဧကလျှင် နေကြာ ၁၉ ဒသမ ၃၀ တင်းနှုန်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ဧက ၁၁၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ မိုးသီးနှံအဖြစ် စိုက်ပျိုးထားသော နေကြာသီးနှံစိုက်ခင်းများမှာ ရိတ်သိမ်းခြွေလှေ့ချိန်ရရှိပြီဖြစ်သဖြင့် ဒေသခံတောင်သူများက ယခုနှစ်စက်တင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် နေကြာစိုက်ခင်း ဧက ၈၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ နေကြာတစ်ဧကလျှင် ၁၉ ဒသမ ၃၀ တင်း ထွက်ရှိသည်။

နေကြာ စိုက်ခင်းတွေကို ယခုနှစ် စက်တင်ဘာ ပထမပတ်လောက်ကစပြီး ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ဒီနေ့ထိ ဧက ၈၀ လောက် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နေကြာသီးနှံက ပြီးခဲ့တဲ့နှစ်ကလိုပဲ သီးနှံအတွက်နှုန်းကောင်းမွန်ပါတယ်။ တစ်ဧကကို ၁၉ ဒသမ ၃၀ တင်းနှုန်း ထွက်ရှိပါတယ်။ နေကြာသီးနှံ ရိတ်သိမ်းခြွေလှေ့ခြင်းနဲ့ပတ်သက်ပြီး သီးနှံအထွက်နှုန်း လျော့နည်းမှုမဖြစ်အောင် တောင်သူတွေကို အချိန်မီ ရိတ်သိမ်းခြွေလှေ့ကြဖို့၊ သီးနှံအရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက် စနစ်တကျ သိမ်းဆည်းကြဖို့ အသိပညာပေးတာတွေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

စိုက်ပျိုးစရိတ်အကုန်အကျသက်သာပြီး သီးနှံဝင်ငွေပိုမိုရရှိသည့် နေကြာသီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံတောင်သူများက မိုးရာသီနှင့် ဆောင်းရာသီတွင် အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ် မိုးသီးနှံနေကြာစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီပေးခြင်း၊ စိုက်ပင်အရေအတွက်ပြည့်မီစေရန် စိုက်ပျိုးရေး အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ပေးခြင်းစသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးသဖြင့် မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိသည်။

နေကြာသီးနှံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံသော သီးနှံများကို ရောင်းချခြင်းကြောင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)

o-o-o-o-o-o-o



# ဓာတ်မြေဩဇာသွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေး

**မြစ်သား စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးစပါးစိုက်ပျိုးသည့်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးကော်မတီမှ ဓာတ်မြေဩဇာသွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးအပ်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက အနီးကပ်ကြီးကြပ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းပြီး ၁ ဧက သီးနှံအထွက်နှုန်းတိုးတက်လာစေရန်၊ ပန်းတိုင်အထွက်နှုန်းရရှိစေရန်၊ တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဓာတ်မြေဩဇာများကို မြစ်သားမြို့နယ်အတွင်းရှိ မြင်းရွာကြီးကျေးရွာအုပ်စု၊ မင်းလယ်ကျေးရွာအုပ်စု၊ ဒါးဝယ်အင်းကျေးရွာအုပ်စု၊ မသဲကျေးရွာအုပ်စု၊ ဘုံကွင်းကျေးရွာအုပ်စု၊ ဒိုင်းကျေးရွာအုပ်စု၊ လွဲပေါက်ကျေးရွာအုပ်စုများရှိ မိုးစပါးစိုက်ပျိုးတောင်သူများအား ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

သန့်ရှင်းသာယာ မန္တလာ
ဝိုင်းဝန်း ထိန်းသိမ်းပါ ။

❖ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လို...

❖ ကျန်းမာရေးနှင့်မညီညွတ်သော အသောက်အစား၊ အစားအသောက်နှင့် အသုံးအစွဲများကို လျှော့ချဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးရှိစေနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

**မိမိတို့နိုင်ငံအနေဖြင့် ယုံကြည်စွာလာရောက် ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ မြန်မာစီးပွားရေးကိုယ်စားလှယ်ရုံး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၅ သို့ ✡**




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

## AFC Asian Cup 2026 ခြေစစ်ပွဲအုပ်စု(ဧ)ပွဲစဉ်များကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် AFC Asian Cup 2026 ခြေစစ်ပွဲအုပ်စု(ဧ)ပွဲစဉ်များကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

AFC Asian Cup 2026 ခြေစစ်ပွဲ အုပ်စု(ဧ)ပွဲစဉ်များကို စက်တင်ဘာ ၂၀ မှ ၂၄ ရက် အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် အာဖဂန်နစ္စတန်၊ မော်လ်ဒိုက် အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

AFC Asian Cup 2026 ခြေစစ်ပွဲစဉ်များကို MFF Futsal Stadium တွင် ကျင်းပသွားမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် ငွေကျပ် ၃၀၀၀ သတ်မှတ်ထားပြီး HTV Youtube Channel မှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **(NGB)**


